# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၇) ရက် ၊ တနင်္ဂနွေနေ့ ၊ (5-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်နှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၅ ရက်

အယ်ဒီတာ့အာဘော်

# ခြိုးခြံချွေတာစုဆောင်းခြင်းမင်္ဂလာ

လောက၌ လူသားတိုင်း သက်ရှင်ရပ်တည်ရေးအတွက် ဝင်ငွေရှိအောင် ကြိုးစားရှာဖွေလုပ်ကိုင်ကြရသည်။ ဝင်ငွေရှိလာသည့်အခါ ဝင်ငွေနှင့် ထွက်ငွေ ညီမျှနေပါက စိတ်ချမ်းသာရပေမည်။ ထိုထက်ပို၍ နောင်ရေးစိတ်အေးရစေရန် ဝင်ငွေများကို ချွေတာစုဆောင်းစောင့်ရှောက်နိုင်ပါက ကြီးပွားချမ်းသာသောလမ်းကြောင်းမှန်သို့ ရောက်ရှိမည်ဖြစ်သည်။ ဝင်ငွေမည်မျှပင်များစေကာမူ ခြိုးခြံချွေတာခြင်းမရှိပါက တန်ဖိုးရှိလှသော ငွေကြေးဥစ္စာများစွာ အကျိုးမဲ့ဖြစ်စေပြီး တင့်တင့်တယ်တယ်ဘဝမျိုးကို မရနိုင်တော့ပေ။

ခြိုးခြံချွေတာစုဆောင်းခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။ ဘုရားရှင်ဟောကြားတော်မူသော ၃၈ ဖြာမင်္ဂလာတရားတော်တွင်လည်း တပေါစ ခြိုးခြံချွေတာခြင်းသည် မင်္ဂလာမည်ကြောင်း အတိအလင်းဟောတော်မူထားသည်။ ခြိုးခြံချွေတာခြင်းဆိုသည်မှာ မိမိ၏ ငွေကြေးဥစ္စာပစ္စည်းများကို မစားရက်၊ မပေးရက်၊ မလှူရက်၊ မသုံးရက် ဝန်တိုကပ်စေးနှဲခြင်းမဟုတ်ဘဲ သုံးသင့်သည်ကို စနစ်တကျသာ သုံးစွဲခြင်း၊ ဝင်ငွေနှင့် ထွက်ငွေမျှတအောင် ကျင့်ကြံနေထိုင်ပြီး လောဘအလိုရမ္မက်များကို ထိန်းချုပ်ခြင်းပင်ဖြစ်ပါသည်။

လောဘတရားကြောင့် အသုံး၊ အဖြုန်းကို မဆင်ခြင်နိုင်၊ လိုချင်သည့်ပစ္စည်းဥစ္စာအပေါ် တရားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လောဘရှေ့ထားကာ ရရှိအောင် အားထုတ်ကြလေ့ရှိသည်။ ရယူချင်နေသော လောဘစိတ်မငြိမ်းသတ်နိုင်မီ လိုချင်သည်ကိုမရသည့်အခါ ဒေါသစိတ်ပါဖြစ်ပွားရသည့်အတွက် အကုသိုလ်များ အစုလိုက် အပြုံလိုက်ဝင်ရန် အပါယ်တံခါးဖွင့်ထားသည်နှင့် အလားသဏ္ဍာန်တူနေပါသည်။ ထို့ကြောင့် လောဘအမိုက်မှောင်နောက်သို့ မလိုက်မိရန် ခြိုးခြံချွေတာတတ်သည့် အလေ့အကျင့်ကောင်းကို မိမိသန္တာန်၌ ပြုစုပျိုးထောင်ထားရမည်ဖြစ်ပါသည်။ ခြိုးခြံချွေတာမှုပြုတတ်သူသည် ချမ်းသာအောင်မြင်မှုကို မလွဲမသွေရရှိလာမည်ဖြစ်ပါသည်။

ဘုရားရှင်လက်ထက်က ကောလိယမင်းသားသည် လူ့ခပ်သိမ်းကို လူဖြစ်ရကျိုးနပ်အောင် တင့်တယ်ချမ်းသာစွာနေနိုင်ရေး နည်းလမ်းကို ဘုရားရှင်ထံ မေးလျှောက်ခဲ့ဖူးသည်။ ဘုရားရှင်က ကောလိယမင်းသားကို လူ့ဘဝ၌ လူအဖြစ်ရရှိနေသည့်ကာလတိုကလေး၌ပင် ချမ်းချမ်းသာသာ၊ တင့်တင့်တယ်တယ်နေထိုင်သွားနိုင်ရေး နည်းလမ်းအဖြစ် (၁) ဝင်ငွေဥစ္စာပစ္စည်းတို့ကို ကြိုးစားရှာရမည်။ (၂) ရရှိပြီး စည်းစိမ်ဥစ္စာတို့ကို မပျက်စီးအောင် ခြိုးခြံချွေတာထိန်းသိမ်းစောင့်ရှောက်ရမည်။ (၃) အဝင်နှင့်အထွက် မျှတစွာသုံးစွဲတတ်ရမည်။ (၄) မိတ်ဆွေကောင်းရှိရမည်ဟူ၍ ချမ်းသာလိုသူမှန်သမျှ လိုက်နာသင့်သည့် တရားတော်ကို ပြန်လည်ဖြေကြားခဲ့ရာ ခြိုးခြံချွေတာခြင်း၊ ဖြုန်းတီးမှုမရှိခြင်းသည် ကြီးပွားချမ်းသာရေး၏ သော့ချက်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ယနေ့ခေတ်ကာလတွင် ကြီးပွားချမ်းသာလိုသူတိုင်းသည် ငွေကြေးချွေတာစုဆောင်းခြင်းသာမက အဖိုးတန်ပြီးရှားပါးလှသော သောက်သုံးရေများ ချွေတာခြင်း၊ လျှပ်စစ်မီးချွေတာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ပစ္စည်းများကို အလွယ်တကူ မစွန့်ပစ်ဘဲ ရေရှည်သုံးစွဲနိုင်အောင် ဂရုစိုက်ပြုမူခြင်းတို့ကိုပါ လုပ်ဆောင်သင့်ပေသည်။ တစ်ဦးတစ်ယောက်ကစ၍ ငွေကြေးအပြင် အရာရာကို သင့်တင့်မျှတအောင် ခြိုးခြံချွေတာပါက ချမ်းသာတင့်တယ်သောဘဝကို ရရှိပေမည်။ နိုင်ငံသားတို့ ချမ်းသာတင့်တယ်ခြင်းသည် နိုင်ငံတော် ကြီးပွားချမ်းသာတင့်တယ်ခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် ရခဲလှသောလူ့ဘဝတွင် ကုသိုလ်တရားတိုးပွားပြီး အကုသိုလ်တရားတို့ လျော့ပါးစေသော ခြိုးခြံချွေတာခြင်းမင်္ဂလာနှင့်အညီ ပြုမူကျင့်ကြံနိုင်ပါရန် အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောင်းတော်? 

ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၄၄၉၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီး လေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကလေး၊ လူကြီးတွေ ကြည့်ရှုနေကြတာ တွေ့ရပါတယ်”ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၂၀၂၃ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၄၀၅၉၇ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၂၇၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# ဧရာဝတီမြစ်ရေ တဖြည်းဖြည်းကျဆင်းလာခြင်းကြောင့် မြင်းမူမြို့နှင့် ရွာသစ်ကြီးကျေးရွာအနီး သွားလာသည့်ရေယာဉ်များ သတိပြုသွားလာရန်လိုဟုဆို

**မန္တလေး နိုဝင်ဘာ ၄**

ဧရာဝတီမြစ်ရေ တဖြည်းဖြည်း ကျဆင်းလာနေခြင်းကြောင့် မြင်းမူမြို့နှင့် ရွာသစ်ကြီးကျေးရွာအနီး သွားလာနေသည့် ရေယာဉ်များ သတိပြုသွားလာရန် လိုကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေတဖြည်းဖြည်းကျဆင်းလျက်ရှိကြောင်း၊ ထိုသို့ မြစ်ရေကျဆင်းလာခြင်းကြောင့် မြင်းမူမြို့နှင့် ရွာသစ်ကြီးကျေးရွာအနီး သောင်ထွန်းနေသဖြင့် ရေယာဉ်များ အန္တရာယ်ရှိသည့်အတွက် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များအနေဖြင့် သတိပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

“အခု မြစ်ရေကတဖြည်းဖြည်း ပြန်ကျလာတော့ မန္တလေးဆိပ်ကမ်းကနေသွားလာမဲ့ ရေယာဉ်တွေ အနေနဲ့ ပုံမှန်ရေလမ်းကြောင်း အတိုင်းမသွားဘဲ ဖြတ်လမ်းကနေ သွားတဲ့ရေယာဉ်တွေ ရေလမ်းကြောင်းမှားပြီးတော့ သောင်တင်တာတွေဖြစ်နိုင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးကျေးရွာအနီးနဲ့ မြင်းမူမြို့အနီး ရေလမ်းကိုတော့ ရေယာဉ်တွေ အထူးသတိပြုသွားလာကြဖို့ လိုပါတယ်”ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးဆိပ်ကမ်းများမှ ဗန်းမော်ဘက်သို့သွားလာကြမည့်ရေယာဉ်များအနေဖြင့် အန္တရာယ်တစ်စုံတစ်ရာမရှိစေရေး လမ်းညွှန်ပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကိုလည်း ဂရုပြုသွားလာကြရန်လိုကြောင်း သိရသည်။

အလားတူ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၂၈၂ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၄၂၄စင်တီမီတာ၊ ရွှေကူမြို့တွင် ၃၃၂ စင်တီမီတာ၊ ကသာမြို့တွင် ၃၆၈ စင်တီမီတာ၊ သပိတ်ကျင်းမြို့တွင် ၅၃၈ စင်တီမီတာ၊ မန္တလေးမြို့တွင် ၅၂၇ စင်တီမီတာထိရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသမှ ထွက်ရှိလာသည့် ပန်းမုန်လာများသည် နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ပန်းမုန်လာ ဈေးနှုန်းများမှာ တစ်ပွင့်လျှင် ငွေကျပ် ၁၂၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

“ပန်းမုန်လာက တောင်ပေါ်ဒေသဘက်တွေကပဲ ထွက်ရှိတယ်။ တောင်ပေါ်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ ပန်းမုန်လာတွေ ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာကာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်နယ်ဒေသကထွက်တဲ့ ပန်းမုန်လာတွေက နည်းသွားပါပြီ။ ပန်းမုန်လာက စိုက်ပျိုးမှုလဲ နည်းလာပါတယ်။ ဒါကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့ သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်”ဟု ဦးအောင်မိုးနိုင်က ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆီဆိုင်မြို့နယ် ကျောင်းခမ်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ဆီဆိုင် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားသံကျေးရွာအုပ်စု ကျောင်းခမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျောင်းခမ်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်တံတား ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဆီဆိုင်မြို့နယ် ကျောင်းခမ်းကျေးရွာ၌ အရှည် ၂၂ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က ပြောပြ၍ သိရသည်။

**ရှိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့၊ သုမင်္ဂလာ(၂) လမ်းနေ ဦးဇော်ထိုက်-ဒေါ်စင်လေးသွယ်၊ သား-မောင်ဟန်သာထိုက်၊ သမီး-မမြင့်မိုရ်စင် မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအဖွဲ့ဝင်များဖြစ်သော ဦးဝင်းမြင့်၊ ဦးကျော်ကျော်ဦးနှင့် ဦးမောင်မောင်သောင်းတို့က လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၃၄၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၃၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၃၄၆ ဧကကို ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေး အသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုသိမ်မြို့နယ်မှာ စပါး ၉၁၃၄၆ ဧကထိ စိုက်ပျိုးပြီးစီးပါပြီ။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် နွေစပါးတွေ ပြန်လည်သိမ်းဆည်းပြီးချိန်ကတည်းက စပါးစိုက်ဖို့ လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ မိုးစပါးတွေ စိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကိုလဲ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ တခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့် အခုလို မိုးစပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးစပါး ၉၁၃၄၆ ဧက အောင်မြင်ဖြစ်ထွန်းစေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားရောဂါအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်ရန် စသည့် အသိပညာပေးလုပ်ငန်းများကို ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စပါးများ ပြန်လည်ရိတ်သိမ်းချိန်ထိ နည်းပညာများ ဆက်လက်ဖြန့်ဝေပို့ချ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် ပြရေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ပြရေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပြရေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပြရေကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# ဖြူးမြို့နယ် ဖိုးဂတုံးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး နိုဝင်ဘာ ၄**


ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးဂတုံးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ဖိုးဂတုံးကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်း၊ အတိုးနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဇော်မင်းညွန့်က ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဖိုးဂတုံးကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖိုးဂတုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရခိုင်ပြည်နယ်တွင် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်နှစ်ခု ခွင့်ပြုပေးခဲ့

**စစ်တွေ နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ်တွင် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် နှစ်ခု ခွင့်ပြုပေးခဲ့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်သူဇော်က ပြောပြ၍ သိရသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို အောက်တိုဘာလ နောက်ဆုံးပတ်အတွင်းကကျင်းပခဲ့သည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) အစည်းအဝေးတွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းသစ်နှစ်ခုမှာ စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် လုပ်ငန်းသစ်များဖြစ်ကြောင်း၊ လုပ်ငန်းသစ်များမှာ ပြည်တွင်းတွင် လုပ်သားဦးရေ ၂၄၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကနေ ပြီးခဲ့တဲ့ အောက်တိုဘာလက နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်နှစ်ခု ခွင့်ပြုပေးခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့(၂/၂၀၂၃) အစည်းအဝေးကနေ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုရဲ့ တည်ဆောက်ရေးကာလသက်တမ်း တိုးမြှင့်ပေးခဲ့ပါတယ်"ဟု ဦးကျော်သူဇော်က ပြောပြသည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် အများဆုံးရင်းနှီးမြှုပ်နှံဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် အများဆုံးရင်းနှီးမြှုပ်နှံထားကြောင်း၊ ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂၀ ကျော် ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားရန်ရှိကြောင်း ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများအပြင် ရေကြောင်းကုန်သွယ်မှုလုပ်ငန်းများ၊ နိုင်ငံဖြတ်ကျော်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိလာပြီဖြစ်ကြောင်း အတွင်းရေးမှူး ဦးကျော်သူဇော်က ပြောပြ၍ သိရသည်။

ASH



# အမရပူရမြို့နယ် မုန်တိုင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မုန်တိုင်ကျေးရွာ၌ True Money Myanmar နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ပထမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင်က စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းများကို Manual Cash-based စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းများ ပိုမိုအဆင်ပြေ ချောမွေ့စေရန်အတွက် True Money Myanmar နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ True Money Myanmar မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Digital နည်းပညာအသုံးပြု၍ Mobile Phone မှတစ်ဆင့် မုန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သူသူ**

# ဗုဒ္ဓသာသနာ ရောင်ဝါထွန်းပါစေ

\- သာသနာ ချီးမြှောက်မှုနဲ့
စတင်ပြု မြန်မာ့မြေ၊
မြန်မာပြည် သာသနာကျိုး
သယ်ပိုးလို့နေ၊
မြတ်ဗုဒ္ဓ တရားဓမ္မ
သံဃာထေရ် ကိုးကွယ်ကြ၊
အလင်းဆောင် အမှောင်ခွင်းတော့
ထွန်းလင်းဌာန။

\- ရှင်အရဟံ အခြေချတဲ့
မြတ်ဗုဒ္ဓ သာသနာတော်၊
ပုဂံပြည် ရောင်ဝါမြူး
ကြည်နူးပူဇော်၊
အယူမလွဲ လမ်းမှန်ပေါ်
ညွှန်ပြခေါ် တည့်မတ်ပေး၊
နိုင်ငံတော် မင်းမြတ်များက
တည်ထားရဲ့လေး။

\- လှူဒါန်းကာ ပူဇော်ရေးနဲ့
သာသနာသွေး ရှင်သန်ရန်၊
စည်ပင်ရန် သာသနာကြီး
ဆည်းကပ်လမ်းမှန်၊
သာသနာပြု သတိဉာဏ်
မွန်မြတ်ကြံ မြတ်စိတ်ထား၊
ခေါင်းဆောင်တွေ လမ်းပြကောင်းတော့
ခညောင်းဂုဏ်ပွား။

\- ဆရာဒါယကာ တွဲလက်များ
နှလုံးသား မွန်မြတ်တည်၊
မြန်မာပြည် သာသနာရေး
ဆွေးနွေးကြသည်၊
အနာဂတ် ကောင်းဖို့ရည်
လမ်းစဉ်ညီ သာသနာပြု၊
နတ်လူတွေ ချီးမွမ်းတိုးတယ်
ကောင်းကျိုးသာခု။ ။

**ဖြိုးထက်(ရေစကြို)**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အနောက်အုပ်စုနိုင်ငံများ ယူကရိန်းသို့ပေးပို့ခဲ့သည့်လက်နက်အချို့ တာလီဘန်များလက်ဝယ်တွင်ရှိဟု သမ္မတပူတင် ပြောကြား



**မော်စကို နိုဝင်ဘာ ၄**

ယူကရိန်းအတွက် အနောက်အုပ်စုနိုင်ငံများက ထောက်ပံ့ပေးနေသည့် လက်နက်များအနက်အချို့မှာ မှောင်ခိုဈေးကွက်များမှ တစ်ဆင့် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိသွားပြီးနောက် တာလီဘန်အုပ်စုက ပြန်လည်ဝယ်ယူနေကြောင်း ရုရှားသမ္မတပူတင်က နိုဝင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရုရှားနိုင်ငံက ယူကရိန်းကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း အနောက်အုပ်စုနိုင်ငံများသည် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာတန်ဖိုးရှိသည့် စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ခဲ့ကြသည်။

ဖြည့်ဆည်းပေးသမျှ လက်နက်များကို တင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားကြောင်း ယူကရိန်းအစိုးရက ပြောကြားထားသော်လည်း အနောက်အုပ်စုလုံခြုံရေးတာဝန်ရှိသူများက ယူကရိန်း၏ လက်နက်များထိန်းချုပ်နိုင်စွမ်းအပေါ် စိုးရိမ်စိတ်ဝင်လျက်ရှိသည်။

ယူကရိန်းသို့ ပေးပို့ထားသည့် အဆင့်မြင့်နည်းပညာသုံးလက်နက်အချို့မှာ ရာဇဝတ်ဂိုဏ်းများလက်ဝယ်သို့ရောက်သွားနိုင်ကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)ကလည်း ၂၀၂၂ခုနှစ်အတွင်း သတိပေးထားသည်။

ယူကရိန်းသို့ ပေးပို့ခဲ့သည့် အနောက်အုပ်စုလက်နက်အချို့မှာ အရှေ့အလယ်ပိုင်းဒေသသို့ရောက်သွားပြီး ထိုမှတစ်ဆင့် အာဖဂန်နစ္စတန်အခြေစိုက် တာလီဘန်အုပ်စုထံ ပြန်ရောင်းချနေကြောင်း ရုရှားသမ္မတ ပူတင်ကလည်း သုံးသပ်ထားသည်။

အမေရိကန်နိုင်ငံနှင့်အနောက်အုပ်စုနိုင်ငံများက ယူကရိန်းသို့ ပေးရန် ကတိပြုထားသည့် စစ်ရေးအကူအညီပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀ထိရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးကို ဟွန်ဒူးရပ်စ်နိုင်ငံ ပြန်လည်ခေါ်ယူ

**တီဂူစီဂယ်လ်ပါ နိုဝင်ဘာ ၄**

ဂါဇာစစ်ပွဲကို အကြောင်းပြု၍ ဟွန်ဒူးရပ်စ်နိုင်ငံသည် အစ္စရေးနိုင်ငံဆိုင်ရာ ဟွန်ဒူးရပ်စ်သံအမတ်ကြီးကို ပြန်လည်ခေါ်ယူခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟွန်ဒူးရပ်စ်နိုင်ငံသည် ဂါဇာစစ်ပွဲကိုအကြောင်းပြု၍ အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအား ပြန်လည်ခေါ်ယူခဲ့သော နောက်ဆုံးလက်တင်အမေရိကနိုင်ငံဖြစ်သည်။

အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ဒေသ၌ လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် အခြားနိုင်ငံတကာ ဥပဒေချိုးဖောက်မှုများကို ကျူးလွန်နေကြောင်း ဟွန်ဒူးရပ်စ်အစိုးရက ဝေဖန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းအရပ်သား၊ အရပ်သားများ ရင်ဆိုင်နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာများအရ အစ္စရေးနိုင်ငံဆိုင်ရာ ဟွန်ဒူးရပ်စ်သံအမတ်ကြီးကိုပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း ဟွန်ဒူးရပ်စ် နိုင်ငံခြားရေးဝန်ကြီး အက်ဒ်ဝါဒိုအင်ရီကေးရိုင်နာက လူမှုမီဒီယာစာမျက်နှာပေါ်တွင်ရေးသားထားသည်။

ဟွန်ဒူးရပ်စ် နိုင်ငံကဲ့သို့ပင် ချီလီနှင့် ကိုလံဘီယာနိုင်ငံများက အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးများကို ပြန်လည်ခေါ်ယူခဲ့ပြီး ဘိုလီးဗီးယားနိုင်ငံကမူ အစ္စရေးနှင့် သံတမန်အဆက်အသံဖြတ်တောက်ထားသည်။

ဂါဇာအခြေစိုက်ပါလက်စတိုင်းကျန်းမာရေး တာဝန်ရှိသူများ၏ အဆိုအရ ရက်သတ္တလေးပတ်အတွင်း ဝင်ရောက်လာပြီဖြစ်သည့် ဂါဇာစစ်ပွဲကာလအတွင်း ပါလက်စတိုင်းလူမျိုး ၉၂၂၇ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တောင်တရုတ်ပင်လယ်လွတ်လပ်ခွင့်ကို ကာကွယ်ရေးအတွက် သုံးနိုင်ငံပူပေါင်းဆောင်ရွက်မည်ဟု ဂျပန်ဝန်ကြီးချုပ် ကြေညာ

**မနီလာ နိုဝင်ဘာ ၄**

ဂျပန်၊ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် တောင်တရုတ်ပင်လယ်လွတ်လပ်ခွင့်ကို ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေကြောင်းဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ယနေ့တွင် ပြောကြားခဲ့သည်။



မနီလာမြို့တော် ဖိလစ်ပိုင်လွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ် ဂျပန်ဝန်ကြီးချုပ်ကီရှီဒါက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်လွတ်လပ်ခွင့်ကို ကာကွယ်ရေးအတွက် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုများ စတင်နေပြီဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ကဖိလစ်ပိုင်လွှတ်တော်မိန့်ခွန်း၌ ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာတို့သည်နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာလာစေရေးအတွက် နှစ်နိုင်ငံတပ်များ အပြန်အလှန်စေလွှတ်မှုသဘောတူညီချက် ရယူရေးအတွက်ဆွေးနွေးပွဲများပြန်လည်စတင်ရန် နိုဝင်ဘာ ၃ ရက်တွင် သဘောတူထားပြီးဖြစ်သည်။

ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်ဒေသတွင်း၌ တရုတ်သင်္ဘောများ၏ လှုပ်ရှားမှုများကို ရန်လိုဝိုလ်ကျမှုများအဖြစ် ဝေဖန်ထားသည်။

လက်ရှိတွင် ဖိလစ်ပိုင်နှင့်ဂျပန်နိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ အဓိကအာရှမဟာမိတ်များဖြစ်ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

## သံတမန်ဆက်ဆံရေး နှစ် ၁၅၀ ပြည့်အခမ်းအနားတက်ရန် ဂျပန်မင်းသမီး ကာကို ပီရူးနိုင်ငံသို့ ရောက်ရှိ

**လီမာ နိုဝင်ဘာ ၄**

ဂျပန်တော်ဝင်မင်းသမီးကာကိုသည် ဂျပန်နှင့် ပီရူးသံတမန်ဆက်ဆံရေး နှစ် ၁၅၀ ပြည့်အခမ်းအနား တက်ရောက်ရေးအတွက် နိုဝင်ဘာ ၃ ရက်တွင် ပီရူးနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ဂျပန်မင်းသမီးကာကိုသည် ပီရူးနိုင်ငံ၌ ခြောက်ရက်ကြာနေထိုင်၍ ဂျပန်-ပီရူး သံတမန်ဆက်ဆံရေးစတင်မှု နှစ် ၁၅၀ ပြည့် အခမ်းအနား၌ ဦးဆောင်ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံနှင့် ပီရူးနိုင်ငံတို့သည် ၁၈၇၃ ခုနှစ်တွင် သံတမန်ဆက်ဆံရေးတရားဝင်ထားရှိခဲ့ပြီး ချစ်ကြည်ရေး၊ ကုန်သွယ်ရေးနှင့် ရေကြောင်းသွားလာရေး စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပီရူးနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဂျပန်မင်းသမီးကာကိုသည် ပီရူးနိုင်ငံ၏ အင်ကာအင်ပိုင်ယာ ခေတ်ရှေးဟောင်းနယ်မြေများကို လေ့လာမည်ဖြစ်သည်။

မင်းသမီးကာကိုသည် လက်ရှိ ဂျပန်အိမ်ရှေ့မင်းသား ဖူမီဟီတို အကီရှီနို၏ သမီးတော်ဖြစ်သည်။

ဂျပန်နိုင်ငံသည် တရုတ်၊ အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ပြီးလျှင် ပီရူးနိုင်ငံ၏ စတုတ္ထအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ပြည်ပခရီးသွားရောက်မည့်အစီအစဉ်များကို ပြန်လည်သုံးသပ်ရန် အစ္စရေးအစိုးရ နိုင်ငံသားများကိုတိုက်တွန်း

**ဂျေရုဆလင် နိုဝင်ဘာ ၄**

အစ္စရေး နိုင်ငံသားများအနေဖြင့် ပြည်ပခရီးသွားရောက်မည့် အစီအစဉ်များကို ပြန်လည်သုံးသပ်ရန် အစ္စရေးအစိုးရက နိုဝင်ဘာ ၃ ရက်တွင် တိုက်တွန်းထားသည်။

ဂါဇာစစ်ပွဲကို အကြောင်းပြု၍ ဂျူးလူမျိုးများနှင့် အစ္စရေးနိုင်ငံသားများအပေါ် ကမ္ဘာတစ်ဝန်း၌ ရန်လိုမှုများမြင့်တက်လာချိန်တွင်အစ္စရေးအစိုးရက အဆိုပါအတိုင်းသတိပေးထားခြင်းဖြစ်သည်။

အစ္စရေးပြည်သူများအနေဖြင့် ပြည်ပခရီး သွားရောက်မည့် အစီအစဉ်များကို ပြန်လည်သုံးသပ်ရန်နှင့် အစ္စရေးနိုင်ငံပြင်ပသို့ရောက်နေသူများအနေဖြင့်လည်း အစွမ်းကုန်သတိထားကြရန် အစ္စရေးအစိုးရကြေညာချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ဂါဇာစစ်ပွဲကို အကြောင်းပြု၍ ကမ္ဘာ့နိုင်ငံအများအပြား၌ ဂျူးလူမျိုးများကိုတိုက်ခိုက်မှုများမြင့်တက်လာပြီး ဂျူးဆန့်ကျင်ရေးဝါဒလည်း အားကောင်းလာကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးသတင်းထုတ်ပြန်ချက်အရသိရသည်။


အစ္စရေးနိုင်ငံသည် ရုရှားနိုင်ငံဒါဂျက်စတန်ဒေသသို့ သွားရောက်မည့် အစ္စရေးနိုင်ငံသားများအတွက်လည်း ခရီးသွားလာမှုအမြင့်ဆုံးသတိပေးချက်ကို အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မှ ရောက်ရှိလာသည့် ဂျူးလူမျိုးများကို ရှာဖွေရန် ပါလက်စတိုင်းလိုလားသူများက ဒါဂျက်စတန်လေဆိပ်တစ်ခုကို စီးနင်းခဲ့ပြီးနောက် အဆိုပါခရီးသွားလာမှုသတိပေးချက်ကိုအစ္စရေးအစိုးရက ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်က ဂြိုဟ်ခုနစ်စင်းပါဝင်သည့် ဂြိုဟ်စနစ်တစ်ခုကို ရှာဖွေပေးနိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်မှအနားမယူမီ ဂြိုဟ် ခုနစ်စင်းပါဝင်သည့် ဂြိုဟ်စနစ်တစ်ခုကို ရှာဖွေပေးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ကတ်ပလာ-၃၈၅ ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်စနစ်အတွင်းရှိ ဂြိုဟ်ခုနစ်စင်းစလုံးသည် မိခင်ကြယ်မှ ပေါ်ထွက်လာသည့် ဖြာထွက်ရောင်ခြည်များ၏ ရိုက်ခတ်မှုခံနေရကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ကတ်ပလာ-၃၈၅ ဂြိုဟ်စနစ်အတွင်းရှိ ဂြိုဟ်ခုနစ်စင်းသည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက်ပိုကြီးသော်လည်း နက်ပ်ကျွန်းဂြိုဟ်နှင့်နှိုင်းယှဉ်ပါက သေးငယ်ကြောင်း သိရသည်။

ကတ်ပလာ-၃၈၅ ဂြိုဟ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၄၆၇၂ အကွာတွင်တည်ရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်သည် ၂၀၀၉ ခုနှစ်မှစ၍ စကြဝဠာကို စူးစမ်းလေ့လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မစ်ရှင်သက်တမ်း ကုန်ဆုံးခဲ့သည်။

မစ်ရှင်သက်တမ်းတစ်လျှောက် ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များအဖြစ် ယူဆရသည့် အာကာသဖြပ်ထည် ၄၄၀၀ ခန့်နှင့်ဂြိုဟ်စင်းရေ တစ်စင်းထက်မကပါဝင်သည့် ဂြိုဟ်စနစ်ပေါင်း ၇၀၀ ကို ရှာဖွေပေးခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို Space-X ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို ယနေ့တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့်ဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့်ဒုံးယာဉ်ကို ယခုမစ်ရှင်အပါအဝင် မစ်ရှင်ပေါင်း ၁၈ ခုအတွက် စံချိန်တင်အသုံးပြုခဲ့ခြင်းဖြစ်သည်။



လွှတ်တင်ပြီး ၆၅ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်းပေါင်း ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာနှင့် Space-X အာကာသနည်းပညာကုမ္ပဏီက ဒရာဂွန်အာကာသကုန်တင်ယာဉ်လွှတ်တင်ရေးအစီအစဉ်ကို နှစ်ရက်နောက်ဆုတ်

**ဝါရှင်တန် နိုဝင်ဘာ ၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X အာကာသနည်းပညာကုမ္ပဏီသည် နိုင်ငံတကာ အာကာသစခန်းသို့ ဒရာဂွန်အာကာသကုန်တင်ယာဉ်လွှတ်တင်ရေးအစီအစဉ်ကို နှစ်ရက် နောက်ဆုတ်ထားကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

CRS - 29 မစ်ရှင်ဖြင့် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၉ ရက်မှသာ လွှတ်တင်မည်ဖြစ်ကြောင်း နာဆာနှင့် Space-X ကုမ္ပဏီက နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မူလက နာဆာနှင့် Space-X ကုမ္ပဏီသည် CRS-29 ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၇ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ် ဒုံးကန်အားစနစ်ပြဿနာတစ်ရပ်ကြောင့် CRS-29 မစ်ရှင်လွှတ်တင်ရေးကို နာဆာနှင့် Space-X ကုမ္ပဏီက နှစ်ရက်နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။

စီစဉ်ထားသည့်အတိုင်း နိုဝင်ဘာ ၉ ရက်တွင် လွှတ်တင်ဖြစ်ခဲ့ပါက ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုဝင်ဘာ ၁၀ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားရေရိက္ခာနှင့် သိပ္ပံပညာရပ်ဆိုင်ရာပစ္စည်း စုစုပေါင်း ကီလိုဂရမ် ၂၉၅၀ ကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အဆုတ်ရောင်ရောဂါလူနာများထံ C.diff ကူးစက်ဝင်ရောက်နိုင်ခြေကို ပဋိဇီဝဆေးတစ်မျိုးက လျှော့ချပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၄**

ပဋိဇီဝဆေးဝါး တစ်မျိုးသည် အဆုတ်ရောင်ရောဂါ လူနာများထံ Clostridioides Difficile Infection (C.diff) ဇက်တီးရီးယားကူးစက်ရောဂါ ဝင်ရောက်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

C.diff ဇက်တီးရီးယားကူးစက်ရောဂါသည် ဝမ်းလျှောခြင်း၊ အူမကြီးရောင်ရမ်းခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းစသည်တို့ကို ဖြစ်ပွားစေသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ဆေးရုံတက် အဆုတ်ရောင်ရောဂါ လူနာများ အနေဖြင့် C.diff ကူးစက်ရောဂါ ဝင်ရောက်နိုင်ခြေ မြင့်မားကြောင်း သိရသည်။

သို့ရာတွင် ဆေးရုံတက်အဆုတ်ရောင်ရောဂါ လူနာများအတွက် Azithromycin ဆေးအစား Doxycycline ဆေးကို အသုံးပြုကြသပါက C.diff ရောဂါဝင်နိုင်ခြေ ၄၅ ရာခိုင်နှုန်း ကျဆင်းသွားတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ဆေးပညာရှင်များသည် Legionella Pneumonia အဆုတ်ရောင်ရောဂါနှင့် အခြားအဖြစ်များသည့် အဆုတ်ရောင်ရောဂါများအတွက် Azithromycin ဆေးကို အသုံးပြုလေ့ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆုတ်ရောင်ရောဂါ လူနာဦးရေ ၁၅၆၀၀၀ ကျော်တို့၏ ရောဂါကုသမှုရလဒ်များကို လေ့လာပြီးနောက် Doxycycline ဆေး၏ အာနိသင်ကို တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပုံစံ-၂ ဆီးချိုရောဂါဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းက ဆားစားသုံးမှုဖြစ်နိုင်

**ရောမ နိုဝင်ဘာ ၄**

ဆားဓာတ်စားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အီတလီနိုင်ငံ တူလိန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၄၀၀၀၀၀ တို့၏ ဆားစားသုံးမှုအတိုင်းအဆကို လေ့လာ၍ ၁၂ နှစ်ခန့်ကြာ အချိန်ယူလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့် ရလဒ်များအရ ဆားကိုပုံမှန်သို့မဟုတ် အမြဲတမ်းစားသုံးသူများသည် လုံးဝမစားသူများနှင့်နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းနှင့် ၃၉ ရာခိုင်နှုန်းကြား ပို၍မြင့်မားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် တစ်ခါတစ်ရံမှသာ ဆားကို စားသုံးလေ့ရှိသူများတွင်လည်း ဆားသုံးစွဲခြင်းမရှိသူများနှင့်နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၁၃ ရာခိုင်နှုန်း မြင့်မားကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ ဆားဓာတ်စားသုံးမှုသည်လည်း ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ဒဂုံစတားအသင်းက ISPE အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့၊ သုဝဏ္ဏ အားကစားကွင်းတွင် ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း နှစ်ဖက်အသင်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး တိုက်စစ်မြင့် ကစားခဲ့မှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၂ မိနစ်တွင် ငြိမ်းချမ်းက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ထို့နောက် လက်ကျန်ပွဲချိန်များတွင် ISPE အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း ဒဂုံစတားအသင်းက အနိုင်ရလဒ်ကို အကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက ISPE အသင်းကို ငြိမ်းချမ်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် ငြိမ်းချမ်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# အင်တာမီယာမီအသင်းက ဆွာရက်ဇ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၄**

ဘရာဇီးကလပ် ဂရီမီယိုအသင်းတွင် ကစားနေသည့် တိုက်စစ်မှူး ဆွာရက်ဇ်သည် အင်တာမီယာမီအသင်းသို့ တစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည်ဟု ကလပ်အသင်းတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် အသင်းဖော်ဟောင်း မက်ဆီနှင့် တွဲဖက် ကစားလိုသောကြောင့် အင်တာမီယာမီအသင်းသို့ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး သဘောတူစာချုပ်တွင် တစ်နှစ်သက်တမ်းကုန်ဆုံးပါက နောက်ထပ်သက်တမ်းတိုးနိုင်သည့် သဘောတူညီချက်လည်း ပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးကလပ် ဂရီမီယိုအသင်းသည် အမှတ်ပေးဇယားအဆင့်(၄)တွင် ရပ်တည်နေသကဲ့သို့ ဘောလုံးရာသီပြီးဆုံးရန် ပွဲစဉ် ခုနစ်ပွဲခန့်သာလိုတော့သဖြင့် ရာသီမပိတ်သိမ်းမီ မေဂျာလိဂ်ကလပ်တွင် ကစားရန်ဆန္ဒရှိနေသည့် တိုက်စစ်မှူးဆွာရက်ဇ်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဘာစီလိုနာ အသင်းဖော်ကစားသမားဟောင်းများဖြစ်သည့် ဂျော်ဒီအလာဘာ၊ ဘက်စကွက်တိုနှင့် တွေ့ဆုံခဲ့ပြီးနောက် အင်တာမီယာမီအသင်းသို့ပြောင်းရွှေ့ရန်သဘောတူခဲ့ခြင်းဖြစ်သည်။

ယခင်ကဆွာရက်ဇ်သည် ဘာစီလိုနာအသင်းတွင် တိုက်စစ်မှူးမက်ဆီနှင့်အတူ ဘောလုံးရာသီခြောက်ရာသီကြာတွဲဖက်ကစားရာတွင် ပြိုင်ပွဲစုံ ၂၈၃ ပွဲ၌ သွင်းဂိုး ၁၉၈ ဂိုးသွင်းယူခဲ့စွမ်းပြနိုင်ခဲ့သူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် အေတီကိုအသင်းသို့ပြောင်းရွှေ့ခဲ့ကာ အသင်းနှင့်အတူ လာလီဂါဆုဖလားရယူနိုင်ခဲ့ပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ်တွင် ဥရုဂွေးကလပ် နေရှင်နယ်အသင်း၊ ယခုနှစ် ဇန်နဝါရီလတွင် ဘရာဇီးကလပ် ဂရီမီယိုအသင်းတို့သို့ပြောင်းရွှေ့ခဲ့ကာ လက်ရှိတွင် မက်ဆီနှင့် တွဲဖက်ကစားရန်အတွက် အင်တာမီယာမီအသင်းသို့ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**




# ယူအီးအက်ဖ်အေက ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့သည့် ဘာစီလိုနာအသင်းကို ယူရို ၅၀၀၀၀၀ ပြစ်ဒဏ်ချမှတ်

**ဘာစီလိုနာ နိုဝင်ဘာ ၄**

ဘာစီလိုနာအသင်းသည် ယူအီးအက်ဖ်အေက ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်ခဲ့သည့်အတွက် ဒဏ်ငွေ ယူရို ၅၀၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး အသင်းအနေဖြင့် အယူခံတင်သွင်းခဲ့သော်လည်း ပယ်ချခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ၂၀၂၂ ခုနှစ် ဘဏ္ဍာရေးအရှုံးအမြတ်ထုတ်ပြန်ခဲ့ရာတွင် ကစားသမားအပြောင်းအရွှေ့မှရရှိသည့် ဝင်ငွေများထက် လက်ဆုပ်လက်ကိုင်မပြသနိုင်သည့် ဝင်ငွေရရှိမှုများကို မှားယွင်းစွာ ဖော်ပြခဲ့သည့်အတွက် ယူအီးအက်ဖ်အေဘဏ္ဍာရေးထိန်းချုပ်မှုကော်မတီက စည်းမျဉ်းချိုးဖောက်မှုဖြင့် ငွေဒဏ်ယူရို ၅၀၀၀၀၀ နှင့် အခြားပြစ်ဒဏ်များချမှတ်ရန်ဆုံးဖြတ်ခဲ့ပြီး အယူခံတင်သွင်းမှုကိုလည်းပယ်ချခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ယူအီးအက်ဖ်အေက အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း ဘာစီလိုနာအသင်းသည် ၂၀၂၂ ခုနှစ်က ရုပ်သံထုတ်လွှင့်ခွင့် ၂၅ ရာခိုင်နှုန်းကို ၂၅ နှစ်စာ ရောင်းချခဲ့ပြီးနောက် အဆိုပါ အကျိုးအမြတ်များကို ၂၀၂၂ ခုနှစ် ငွေစာရင်းအကောင့်တွင်ထည့်သွင်းခဲ့သည်နှင့်ဆက်စပ်၍ အရေးယူခြင်းခံရသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ဒိုင်လူကြီးများအပေါ် လွှမ်းမိုးနိုင်ရန် ယခင် စပိန်ဘောလုံးအဖွဲ့ချုပ်၏ ဒိုင်ကော်မတီဒုတိယဥက္ကဋ္ဌဖြစ်သည့် နီဂရီရာပိုင်ဆိုင်သည့် ကုမ္ပဏီကို ၂၀၀၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ယူရို ခုနစ်သန်းပေးခဲ့မှုနှင့်ပတ်သက်၍ စစ်ဆေးမှုများခံနေရပြီး လက်ရှိတွင် ဘာစီလိုနာအသင်းနှင့် ယခင် ဒုတိယဥက္ကဋ္ဌဟောင်းတို့က အဆိုပါ စွပ်စွဲချက်ကို ငြင်းဆိုထားကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ခံစစ်ကစားသမားဗာရာနီကို ဆော်ဒီကလပ်အသင်းများကခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်လျက်ရှိကြောင်း သိရသည်။
- စပိန်လာလီဂါ ပွဲစဉ်(၁၂)တွင် လက်ပါးမက်အသင်းကို အေတီကိုအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲစုံ ၁၀ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းတစ်ရပ် ကျိုးပျက်ခဲ့ကြောင်း သိရသည်။

**ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၀ | - | ၁ | မန်ယူ |
| ဘရန့်ဖို့ဒ် | ၃ | - | ၂ | ဝက်စ်ဟမ်း |
| ဘန်လေ | ၀ | - | ၂ | ပဲလေ့စ် |
| အဲဗာတန် | ၁ | - | ၁ | ဘရိုက်တန် |
| မန်စီးတီး | ၆ | - | ၁ | ဘုန်းမောက် |
| ရှက်ဖီးလ်(ယူ) | ၂ | - | ၁ | ဝုဗ် |

(၀၄၀)

# နန့်တက်ခံစစ်ကစားသမား မာလင်ကို မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့က အပြိုင်ခေါ်ယူရန်ကြိုးပမ်း

**ပဲရစ် နိုဝင်ဘာ ၄**

နန့်တက်အသင်း ဘယ်တောင်ပံခံစစ်ပိုင်းတွင် ခြေစွမ်းပြနေသည့် အသက် ၂၂ နှစ်ရှိ လူငယ်ကစားသမားမာလင်ကို မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းမှုပြုလုပ်နေကြောင်း သိရသည်။

လူငယ်ခံစစ်ကစားသမားမာလင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နန့်တက်အသင်းအား ကိုပါဒယ်ရေးဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင်လည်း ပုံစံကောင်းပြသနေသောကြောင့် မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့က ကင်းထောက်များကို ပြင်သစ်နိုင်ငံသို့စေလွှတ်၍ မာလင်၏ကစားပုံကို စောင့်ကြည့်မှုများပြုလုပ်နေသကဲ့သို့ အခြားထိပ်သီးကလပ်များဖြစ်သည့် လိုက်ပ်ဇစ်၊ ဘိုင်ယန်မြူးနစ်၊ နာပိုလီနှင့် ဆဲလ်တစ်အသင်းတို့ကလည်း လူငယ်ကစားသမားကို ခေါ်ယူနိုင်ရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိသည်။

မာလင်သည် ဘယ်တောင်ပံခံစစ်တွင်သာမကတောင်ပံတိုက်စစ်ပိုင်းသို့ပါ လိုက်ပါကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး နန့်တက်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း ကစားသမားအားထိပ်သီးကလပ်အသင်းများက စာချုပ်ဖျက်သိမ်းကြေးပေး၍ ခေါ်ယူမည်ကို နန့်တက်အသင်းကစိုးရိမ်နေကြောင်း သိရသည်။



နန့်တက်အသင်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲကစားအပြီးတွင် လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၄ မှတ်ဖြင့် အဆင့်(၇)သို့ တက်ရောက်နိုင်ခဲ့ပြီး ဥရောပဝင်ခွင့်အတွက် အဆင့်(၆)မှ ဘရက်စ်အသင်းနှင့် ရမှတ် တစ်မှတ်သာကွာဟလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် အိုတာဘက်နှင့်ရေမွန်တို့ကိုထိုးသတ်ရန် WBA ညွှန်ကြား

**ပနားမားစီးတီး နိုဝင်ဘာ ၄**

ပနားမားနိုင်ငံတွင် အခြေစိုက်သည့် ကမ္ဘာ့လက်ဝှေ့အသင်း (WBA) က လစ်လပ်နေသည့် WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဥဇဘက်ကစ္စတန်လက်ဝှေ့သမား အိုတာဘက်နှင့် အမေရိကန်လက်ဝှေ့သမား ရေမွန်တို့ကို စိန်ခေါ်ထိုးသတ်သွားရန် ညွှန်ကြားလိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။





WBA ဖယ်သာဝိတ်တန်း လက်ရှိချန်ပီယံ အင်္ဂလန်လက်ဝှေ့သမားလိုက်ဝုဒ်သည် စူပါဖယ်သာဝိတ်တန်းသို့ရွှေ့ပြောင်းရန်ဆုံးဖြတ်လိုက်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည့် အတွက်ကြောင့် WBA က လစ်လပ်နေသည့်ကမ္ဘာ့ချန်ပီယံနေရာအတွက် လက်ရှိ WBA ဖယ်သာဝိတ်တန်း၏ အဆင့်(၁)နေရာနှင့် အဆင့်(၂)နေရာတို့တွင် ရပ်တည်နေသည့် လက်ဝှေ့သမားများကို လစ်လပ်နေသည့် ချန်ပီယံနေရာအတွက် ယှဉ်ပြိုင်ထိုးသတ်သွားရန်ညွှန်ကြားခဲ့ခြင်းလည်းဖြစ်သည်။

ထို့ကြောင့် အိုတာဘက်နှင့် ရေမွန်တို့ကို စိန်ခေါ်ပွဲထိုးနိုင်ရေးအတွက် ဆွေးနွေးပြုလုပ်သွားရန် WBA က ညွှန်ကြားခဲ့ပြီး ဆွေးနွေးမှုကိုလည်း ရက်ပေါင်း ၃၀ အတွင်း အပြီးသတ်ဆွေးနွေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

WBA အဖွဲ့ချုပ်က "လက်ရှိ ဖယ်သာဝိတ်တန်းချန်ပီယံ လိုက်ဝုဒ်ဟာ စူပါလိုက်ဝိတ်တန်းကို ရွှေ့ပြောင်းဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်တဲ့အတွက်ကြောင့် ဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် နေရာလစ်လပ်နေပြီဖြစ်ပါတယ်။ WBA အဖွဲ့ချုပ်ရဲ့ အပိုဒ် C28 အရ လက်ရှိဖယ်သာဝိတ်တန်းမှာ အဆင့်သတ်မှတ်ချက်အမြင့်ဆုံးသတ်မှတ်ခံထားရတဲ့ လက်ဝှေ့သမားနှစ်ယောက်က လစ်လပ်နေတဲ့ချန်ပီယံနေရာအတွက် ထိုးသတ်ရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## မန်ယူအသင်းကစားသမားဟောင်း ဖယ်လာနီ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူ

**ပေကျင်း နိုဝင်ဘာ ၄**

အဲဗာတန်အသင်းနှင့် မန်ယူအသင်း ကစားသမားဟောင်း လက်ရှိ တရုတ်စူပါလိဂ်ကလပ် ရှန်ဒေါင်းအသင်း ကွင်းလယ်ကစားသမား ဖယ်လာနီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူသွားမည်ဟုအတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်ရှိ ဖယ်လာနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဘယ်လ်ဂျီယံကလပ် စတန်းဒက်လီဂီအသင်းနှင့် ၂၀၀၆ ခုနှစ်ကစတင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်က စတန်းဒက်လီဂီအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အဲဗာတန်အသင်းတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိကစားခဲ့သူဖြစ်သည်။

ဖယ်လာနီသည် အဲဗာတန်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် စက်တင်ဘာလက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းတွင်လည်း ၂၀၁၉ ခုနှစ်ထိ ခုနစ်နှစ်ကြာ ကစားခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက မန်ယူအသင်းမှ တရုတ်စူပါလိဂ်ကလပ် ရှန်ဒေါင်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကြောင်း သိရသည်။

ဖယ်လာနီသည် ရှန်ဒေါင်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ တရုတ်စူပါလိဂ်ပြိုင်ပွဲတွင် ၂၆ ပွဲ ပါဝင်ကစားခဲ့ကာ ၁၀ ဂိုးသွင်းယူ၍ နှစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ကာ ရှန်ဒေါင်းအသင်း တရုတ်စူပါလိဂ်ပြိုင်ပွဲ ပြီးဆုံးချိန် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင်ရပ်တည်နိုင်ခဲ့၍ အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး အသင်းနှင့်ပြိုင်ပွဲစုံ ၁၃၉ ပွဲ ပါဝင်ကစားခဲ့ပြီး ၅၂ ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

## အင်္ဂလန်ဒိုင်အဖွဲ့ချုပ်က ဒိုင်လူကြီးအန်သိုနီတေလာကို ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ပြောင်းရွှေ့တာဝန်ပေး

**လန်ဒန် နိုဝင်ဘာ ၄**

အင်္ဂလန် ဒိုင်အဖွဲ့ချုပ်က ဒိုင်လူကြီးအန်သိုနီတေလာကို ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ် ပြိုင်ပွဲသို့ရာထူးလျှော့ချတာဝန်ပေးအပ်ခဲ့သည်။

အသက် ၄၅ နှစ်ရှိ အန်သိုနီတေလာသည် ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ ဒိုင်လူကြီးအဖြစ် ပရော်ဖက်ရှင်နယ် ဒိုင်လူကြီးလောကသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် တိုးမြှင့်တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အန်သိုနီတေလာသည် ယခုနှစ်ဘောလုံးရာသီတွင် ၎င်းတာဝန်ယူကိုင်တွယ်ခဲ့သည့် ပွဲစဉ်များတွင် အငြင်းပွားဖွယ် ဆုံးဖြတ်ချက်များချမှတ်ခဲ့ပြီး ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရကာ ပြီးခဲ့သည့်နယူးကာဆယ်အသင်းနှင့် ဝုဖ်အသင်းတို့ပွဲစဉ်တွင်လည်း အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များချမှတ်ခဲ့သည့်အတွက် ဝုဖ်အသင်းနည်းပြ ဝယ်ရီအိုနေးက ပြင်းပြင်းထန်ထန် ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။

အလားတူ ချဲလ်ဆီးအသင်း ကစားခဲ့သည့်ပွဲစဉ်များ၌ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း အငြင်းပွားဖွယ် ဆုံးဖြတ်ချက်များချမှတ်ခဲ့သည့်အတွက် ချဲလ်ဆီးအသင်း ပရိသတ်များ၏ ပြင်းပြင်းထန်ထန်ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ယခုအခါ အင်္ဂလန်ဒိုင်အဖွဲ့ချုပ်က အငြင်းပွားဖွယ် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည့် အန်သိုနီတေလာကို ပြစ်ဒဏ်ချမှတ်သည့်အနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ရွှေ့ဆိုင်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

## Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

**ပဲရစ် နိုဝင်ဘာ ၄**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှုနီတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က(၇-၅၊ ၆-၇၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပထမပွဲဝက်တွင် tie-break အဆင့်ထိကစားခဲ့ရပြီးမှ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သလို ဒုတိယပွဲဝက်တွင်လည်း tie-break ၌ ထပ်မံအနိုင်ရမည့်အခွင့်အရေး ရခဲ့သော်လည်း Match Point ဖြင့် လွဲချော်ခဲ့ရသည့်အတွက်ကြောင့် ဟိုလ်ဂါရှုနီက အနိုင်ရခဲ့ပြီး တတိယပွဲဝက်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဂျိုကိုဗစ်ကစွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်ခဲ့ပြီး ပြတ်သားသော ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ဂျိုကိုဗစ်သည် ပြီးခဲ့သည့် စက်တင်ဘာလက US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် Paris Masters တင်းနစ်ပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ပြိုင်ပွဲပြန်ဝင်လာခဲ့ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်က "ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ဟာ မနေ့က Paris Masters တင်းနစ်ပြိုင်ပွဲဒိုလိုလူ ပွဲစဉ်ကပုံစံနဲ့ တော်တော်လေးဆင်ခဲ့တယ်။ ဘယ်ပွဲဝက်ကတော့ ဘယ်သူ့အသာရခဲ့တယ်ဆိုမျိုးမရှိခဲ့ဘူး။ ဘယ်သူမဆိုအနိုင်ရသွားနိုင်တဲ့ အခြေအနေဖြစ်တယ်။ ဒါပေမဲ့လဲ ဒုတိယပွဲဝက်မှာတော့ ကျွန်တော့်အနေနဲ့ နှစ်ပွဲဆက်တိုက်အနိုင်ရနိုင်တဲ့ အခွင့်အရေးကောင်းကို ပိုင်ဆိုင်ခဲ့တယ်။ Match Point ကျူးလွန်မိခဲ့တဲ့ အမှားဟာ တော်တော်လေးကို စိတ်ပျက်စရာကောင်းပါတယ်။ ဒီနှစ်အတွင်း ပြိုင်ပွဲတွေမှာ ကျွန်တော်ကျူးလွန်မိခဲ့တဲ့အမှားတွေထဲ ဒီအမှားက အဆိုးရွားဆုံးအမှားဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

## ကူမာမိုတိုမာစတာဂျပန် ၂၀၂၃ ကြက်တောင်ပြိုင်ပွဲ (၃၂)ဦးရှုံးထွက်အဆင့်တွင် တရုတ်ကြက်တောင်မယ်ချန်ယူဖိုင်နှင့် သက်ထားသူဇာ စတင်ကစားရမည်



**ရန်ကုန် နိုဝင်ဘာ ၄**

ဂျပန်နိုင်ငံ ကူမာမိုတိုမြို့တွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်ထိ ကျင်းပမည့် ကူမာမိုတိုမာစတာဂျပန် ၂၀၂၃ ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် (၃၂)ဦးရှုံးထွက်အဆင့်တွင် တရုတ်ကြက်တောင်မယ် ချန်ယူဖိုင်နှင့် စတင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ သက်ထားသူဇာသည် ကူမာမိုတိုမာစတာဂျပန် ၂၀၂၃ ကြက်တောင်ပြိုင်ပွဲတွင် လက်ရည်စစ်အဆင့် ကစားရမည်မဟုတ်ဘဲ (၃၂)ဦးရှုံးထွက်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

လက်ရှိတွင် သက်ထားသူဇာသည် ကမ္ဘာ့အဆင့်(၄၀)နေရာတွင် ရပ်တည်နေပြီး တရုတ်ကြက်တောင်မယ်ချန်ယူဖိုင်သည် ကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်နေသည့် ထိပ်တန်းကြက်တောင်မယ်တစ်ဦးဖြစ်သည့်အတွက် သက်ထားသူဇာအနေဖြင့် ခက်ခက်ခဲခဲရုန်းကန်ရဖွယ်ရှိနေသည်။

သက်ထားသူဇာသည် အနီးစပ်ဆုံးပြိုင်ပွဲအဖြစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ ကျင်းပလျက်ရှိနေသည့် မလေးရှား စူပါ-၁၀၀ ကြက်တောင်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာတွင် ဗီယက်နမ်ကြက်တောင်မယ် သီထရန်ကိုရှုံးနိမ့်ခဲ့သည့်အတွက် (၃၂)ဦးရှုံးထွက်အဆင့်မှပင် ထွက်ခွာခဲ့ရသည်။

သက်ထားသူဇာသည် ကူမာမိုတိုမာစတာဂျပန် ၂၀၂၃ ကြက်တောင်ပြိုင်ပွဲပြီးလျှင် လာမည့် နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်ထိ တရုတ်နိုင်ငံတွင်ကျင်းပမည့် ချိုင်းနားမာစတာ ၂၀၂၃ ကြက်တောင်ပြိုင်ပွဲကိုလည်း ထပ်မံဝင်ရောက်ယှဉ်ပြိုင်ကစားမည် ဖြစ်ကြောင်း သိရသည်။

**STA**

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၀) ရလဒ်

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၁ | - | ၁ | အော့စ်ဘတ် |
| ဖရိုင်းဘတ် | ၃ | - | ၃ | ဂလာဘတ် |
| ဟော်ဖန်ဟိမ်း | ၂ | - | ၃ | လေဗာကူဆင် |
| မိန့်ဇ် | ၂ | - | ၀ | လိုက်ပ်ဇစ် |
| ယူနီယံဘာလင် | ၀ | - | ၃ | ဖရန့်ဖတ် |

(၀၄၀)

# အစ္စရေး-ပါလက်စတိုင်းပဋိပက္ခအပေါ် အလယ်အာရှနိုင်ငံများ၏တုံ့ပြန်မှုများ



အစ္စရေးနိုင်ငံသည် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အဖွဲ့က တိုက်ခိုက်ခံရပြီးနောက် တရားဝင် စစ်ကြေညာပြီး ဂါဇာဒေသကို မြေပြင်ထိုးစစ်ဆင်နွှဲခဲ့ရာ လွန်ခဲ့သော သီတင်းသုံးပတ်အတွင်း ကလေးငယ်များ အပါအဝင်လူဦးရေ ၈၅၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ အလယ်အာရှနိုင်ငံများသည် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအပေါ် မတူကွဲပြားသောအမြင်များဖြင့် တုံ့ပြန်လျက်ရှိသည်။

အလယ်အာရှ ငါးနိုင်ငံအနက် လေးနိုင်ငံသည် ပဋိပက္ခ၏ပြင်းထန်မှုကို သတိပေးသောထုတ်ပြန်ချက်များ အလျင်အမြန်ထုတ်ပြန်ခဲ့ကြပြီး တာ့ခ်မင်နစ္စတန်သည် လက်ရှိအချိန်ထိရေငုံနှုတ်ပိတ်နေလျက်ရှိသည်။ အောက်တိုဘာ ၈ ရက်တွင်ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်၌ အစ္စရေး၊ ပါလက်စတိုင်း သို့တည်းမဟုတ် ဟားမတ်စ်တို့နှင့်စပ်လျဉ်း၍ သီးခြားထုတ်ပြန်ခဲ့ခြင်း မရှိပေ။ စင်စစ်အားဖြင့် တာဂျစ်ကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အရပ်သားများသေကျေထိခိုက်ဒဏ်ရာရရှိမှုနှင့် အဆောက်အအုံများနှင့် လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအပေါ် အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

ကာဇက်စတန်၏ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း အခြေအနေကို အေးချမ်းတည်ငြိမ်စွာ ဖြေရှင်းသွားရန် အောက်တိုဘာ ၈ ရက်တွင် နှစ်ဖက်စလုံးကို တိုက်တွန်းတောင်းဆိုထားရှိသည်။ ကာဂျစ်စတန်နှင့် ဥဇဘက်ကစ္စတန်တို့အနေဖြင့်လည်း အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ချက်များ ထုတ်ပြန်ကာ ပဋိပက္ခအတွင်း တိုက်ရိုက်ပါဝင်ပတ်သက်သူများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားရန် တောင်းဆိုခဲ့သည်။ အစ္စရေး နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဟားမတ်စ်တိုက်ခိုက်မှုအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံသား သုံးဦး သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဂါဇာတွင် စစ်ပွဲစတင်ဖြစ်ပွားကတည်းက အီဂျစ်နှင့်ဂျော်ဒန်ရှိ ကောင်စစ်ဝန်ရုံးများသည် ကာဇက်စတန်နိုင်ငံသား ၆၇ ဦးနှင့် မိသားစုဝင်ဦးရေ ၃၀ တို့ကို ဂါဇာကမ်းမြောင်မှ ကယ်ထုတ်နိုင်ခဲ့သည်။

အောက်တိုဘာ ၁၃ ရက်တွင် ဓနသဟာယနိုင်ငံများအဖွဲ့ (CIS)မှ ခေါင်းဆောင်များ၏ နှစ်စဉ်ပြုလုပ်နေကျထိပ်သီးအစည်းအဝေးအကြိုအဖြစ် ကာဂျစ်စတန်နိုင်ငံ၏ မြို့တော်ဘစ်ရှ်ကက်၌ တွေ့ဆုံသည်။ အဆိုပါအစည်းအဝေးတွင် ကာဇက်စတန်သမ္မတ ကာဆန်ဂျော်မတ်တိုကာယက်က ဂါဇာအရေးနှင့် စပ်လျဉ်း၍ မိမိတို့အနေဖြင့် ဆယ်စုနှစ်များစွာကြာသည့်တိုင်အောင် ဖြေရှင်းနိုင်စွမ်းမရှိသော ပြဿနာများတွင် အောင်မြင်မှုရရှိရေး အရပ်သားများကို အကြမ်းဖက်တိုက်ခိုက်ခြင်း သို့တည်းမဟုတ် အကြမ်းဖက်အပြုအမူများကို မလုပ်ဆောင်သင့်ကြောင်း၊ ထိုသို့လုပ်ဆောင်သွားမည်ဆိုလျှင် တရားမျှတမှုရှိမည်မဟုတ်ကြောင်း ပြောကြားသွားခဲ့သည်။ စင်စစ်အားဖြင့် အလယ်အာရှနိုင်ငံများမှ ခေါင်းဆောင်များသည် အကြမ်းဖက်ဝါဒဆန့်ကျင်ရေးနှင့်စပ်လျဉ်း၍ အကြိမ်ကြိမ်ဆွေးနွေးလျက်ရှိသည်။

အောက်တိုဘာ ၁၇ ရက်တွင် ဂါဇာရှိ al-Ahli အာရပ်ဆေးရုံ၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အလယ်အာရှနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာနများက ထုတ်ပြန်ချက် ထပ်မံပေါ်ထွက်လာခဲ့သည်။ အဆိုပါဆေးရုံပေါက်ကွဲမှုတွင် ပြည်သူ ၅၀၀ ခန့် သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။ အောက်တိုဘာ ၁၈ ရက်တွင် ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန် နိုင်ငံတို့သည် ဆေးရုံပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့သည်။ ဥဇဘက်ကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါအကြမ်းဖက်လုပ်ရပ်ကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေ ချိုးဖောက်မှုအဖြစ် ဖော်ပြခဲ့သည်။

အောက်တိုဘာ ၂၃ ရက်တွင် ကာဂျစ်စတန်၏ လွှတ်တော်က လွှတ်တော်အမတ်တစ်ဦးချင်းစီ၏ တစ်လစာနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃၀၀ စီကို ဂါဇာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ပံ့ပိုးကူညီခဲ့သည်။ လွှတ်တော်အမတ်ဦးရေ ၉၀ အနက် ၇၆ ဦးက ဆန္ဒမဲပေးခဲ့ကြပြီး ၄၇ ဦးသည် ထောက်ခံမဲပေးခဲ့သည်။ ယခုအချိန်တွင် ဂါဇာ၌ ပြည်ပမှအကူအညီများ လိုအပ်လျက်ရှိကြောင်းနှင့် မိမိတို့အနေဖြင့် တတ်နိုင်သမျှကူညီသွားမည်ဖြစ်ကြောင်း လွှတ်တော်အမတ်တစ်ဦးက ပြောကြားသွားခဲ့သည်။

အောက်တိုဘာ ၂၇ ရက်တွင် ဥဇဘက်ကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဘတ်ဇ်တီယာဆိုင်ဒေါ့က ဂါဇာအရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန် အယ်ဂျီးရီးယား၊ အီဂျစ်၊ ဂျော်ဒန်၊ ကူဝိတ်၊ ပါလက်စတိုင်း၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့မှသံတမန်များကို လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြထားသည်။ သို့သော် အဆိုပါဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကိုမူ သတင်းမီဒီယာများတွင် ထုတ်ပြန်ခဲ့ခြင်းမရှိဘဲ ဆိုင်ဒေါ့၏ လူမှုကွန်ရက်စာမျက်နှာ၌သာ ဖော်ပြထားရှိသည်။

ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံအားလုံးတို့သည် အောက်တိုဘာ ၂၇ ရက်တွင် ထောက်ခံမဲ ၁၂၀ ဖြင့် ဆုံးဖြတ်ခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးအတွက် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ယာယီအပစ်အခတ်ရပ်စဲရန် တောင်းဆိုထားသော ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့ကြသည်။ တာ့ခ်မင်နစ္စတန်နိုင်ငံသည် ထုံးစံအတိုင်း မဲမပေးဘဲနေခဲ့သည်။ ယူကရိန်းစစ်ပွဲ၊ အူဂါအရေးတို့နှင့်စပ်လျဉ်း၍လည်း အလားတူ မဲခွဲဆုံးဖြတ်ခဲ့ဖူးသည်။ ရုရှားနှင့်ယူကရိန်း ခေါင်းဆောင်များသည် ၎င်းတို့နှစ်နိုင်ငံကြား ပဋိပက္ခကို ပါလက်စတိုင်းတွင် အကြမ်းဖက်မှုများပြန်လည်ဖြစ်ပေါ်နေမှုနှင့်ဆက်စပ်ပြောဆိုရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလမ်းကြောင်း ဖွင့်လှစ်ရေးအတွက် အလယ်အာရှနိုင်ငံများ၏မဲပေးခြင်းသည် ယူကရိန်းအရေးနှင့် ဆက်စပ်စဉ်းစားသွားရန် မလိုအပ်ပေ။

ရုရှားနိုင်ငံအနေဖြင့် အလယ်အာရှနိုင်ငံများအပေါ် အစ္စရေးထက် ပိုမိုလွှမ်းမိုးနိုင်သော်လည်း အစ္စရေးနိုင်ငံအနေဖြင့် သံခင်းတမန်ခင်းဆက်ဆံရေးတွင် မှီခိုအားထားရခြင်းမရှိသူအဖြစ် ပြောဆိုနိုင်မည်မဟုတ်ချေ။ ၂၀၂၃ ခုနှစ် ဧပြီလတွင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အီလီကိုဟင်သည် တာ့ခ်မင်နစ္စတန်သို့အလည်အပတ်ခရီးသွားရောက်ခဲ့ပြီး သံရုံးဖွင့်လှစ်နိုင်ရန် သမ္မတဆာဒါဘာဒီမူဟာမက်ဒေါ့နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ဥဇဘက်ကစ္စတန်နိုင်ငံအနေဖြင့်လည်း ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့်သူနာပြုများ လေ့ကျင့်သင်တန်းပေးမှုတို့တွင် အစ္စရေးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကာဇက်စတန်သည် အစ္စရေးနိုင်ငံ၏ရေနံဝယ်ယူမှုတွင် ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းခန့် ရောင်းချပေးလျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ကာဇက်စတန်အနေဖြင့် ၎င်း၏တပ်မတော်အတွက် အစ္စရေးနိုင်ငံထုတ် ဒရုန်းများနှင့် ရော့ကတ်များကို ဝယ်ယူလျက်ရှိသည်။

**❖ အလယ်အာရှနိုင်ငံများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးအတွက် ယာယီအပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်ကို ဘာသာရေးဆိုင်ရာရှုထောင့်အရလည်း ထောက်ခံမဲပေးခဲ့ဖွယ်ရာရှိနေသည်။ အစ္စလာမ်သည် အလယ်အာရှဒေသတစ်လျှောက်တွင် အဓိကလကွှဏာပင်ဖြစ်ပြီး ဒေသတွင်းခေါင်းဆောင်များသည် ဘာသာရေးနှင့် နိုင်ငံရေးကြား ဟန်ချက်ထိန်းညှိဆောင်ရွက်လျက်ရှိသည်။ ❖**

အလယ်အာရှနိုင်ငံများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးအတွက် ယာယီအပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ကို ဘာသာရေးဆိုင်ရာ ရှုထောင့်အရလည်း ထောက်ခံမဲပေးခဲ့ဖွယ်ရာရှိနေသည်။ အစ္စလာမ်သည် အလယ်အာရှဒေသတစ်လျှောက်တွင် အဓိကလကွှဏာပင်ဖြစ်ပြီး ဒေသတွင်းခေါင်းဆောင်များသည် ဘာသာရေးနှင့် နိုင်ငံရေးကြား ဟန်ချက်ထိန်းညှိ ဆောင်ရွက်လျက်ရှိသည်။ အလယ်အာရှ လေးနိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုအတွက် အပစ်အခတ်ရပ်စဲရန် မဲပေးခဲ့ကြသော်လည်း ၎င်းတို့၏ မူဝါဒသည် ဘာသာရေးနှင့် နှီးနွှယ်မှုမရှိကြောင်း ထုတ်ပြန်ခဲ့သည်။

စစ်ရေးဆိုင်ရာချစ်ကြည်ရင်းနှီးမှုများ၊ အကြမ်းဖက် ဝါဒဆိုင်ရာစိုးရိမ်ပူပန်မှုများ၊ ဈေးကွက်ဆွဲဆောင်မှုနှင့် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာနှီးနွှယ်မှုများကဲ့သို့သော အလယ်အာရှနိုင်ငံများ၏ သံခင်းတမန်ခင်း ရလဒ်များကို ထုံးစံအတိုင်းလက်တွေ့ကျကျ သုံးသပ်ဆောင်ရွက်သွားခြင်းသည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ၏ ရှုပ်ထွေးမှုအောက်တွင်သာ ကျရောက်သွားလေ့ရှိသည်။ အလယ်အာရှနိုင်ငံများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် စစ်ရေးဆိုင်ရာအကူအညီများ မပေးမချင်း ကုလသမဂ္ဂတွင် မဲပေးဆုံးဖြတ်မှုနှင့်စပ်လျဉ်း၍ တယ်လီဂရမ်တွင် ဆူဆူညံညံ ဖြစ်ပေါ်နေဦးမည်ဖြစ်ပေသည်။

ဟားမတ်စ်ဦးဆောင်သော ပါလက်စတိုင်းစစ်သွေးကြွအုပ်စုများနှင့် အစ္စရေးတပ်မတော်တို့ကြား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခသည် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဟားမတ်စ်တို့၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသသို့ ပြင်းပြင်းထန်ထန် တုံ့ပြန်တိုက်ခိုက်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက်တွင် ဂါဇာကမ်းမြောင်သို့ စတင်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အောက်တိုဘာလကုန်ထိ အစ္စရေးလူမျိုး ၁၅၀၀ ကျော်သေဆုံးခဲ့ပြီး ၂၀၀ ကျော်မှာ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည်။ အခြားတစ်ဖက်တွင်လည်း ကလေးငယ်ဦးရေ ၃၀၀၀ ကျော်အပါအဝင် ပါလက်စတိုင်းလူမျိုး ၈၅၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

ဟားမတ်စ်အဖွဲ့သည် အောက်တိုဘာ ၇ ရက်တွင် ဂါဇာကမ်းမြောင်မှနေ၍ ဒုံးကျည်အစင်း ၅၀၀၀ ဖြင့် အစ္စရေးနိုင်ငံကို စတင်တိုက်ခိုက်ခဲ့ပြီး ပါလက်စတိုင်းစစ်သွေးကြွသူဦးရေ ၃၀၀၀ ခန့်သည် အစ္စရေး-ဂါဇာ အတားအဆီးများကိုချိုးဖောက်၊ အရပ်သားပြည်သူများစွာကို သတ်ဖြတ်ခြင်း၊ နေအိမ်များကိုမီးရှို့ခြင်း၊ ဂါဇာကမ်းမြောင်အနီးရှိ အစ္စရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်း လုပ်ဆောင်ခဲ့သည်။ အနောက်နိုင်ငံအများစုပါဝင်သော နိုင်ငံပေါင်း ၄၄ နိုင်ငံသည် အမှတ်မထင် ဝင်ရောက်တိုက်ခိုက်မှုကို အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ရှုတ်ချခဲ့သည်။ အခြားတစ်ဖက်တွင်လည်း ဟားမတ်စ်တို့က အထွတ်အမြတ်ထားရာ Al-Aqsa Mosque ကို မလေးမခန့်ပြုလုပ်ခြင်း၊ ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ခြင်း၊ အစ္စရေးအခြေချအိမ်ရာများတည်ဆောက်ခြင်းနှင့် အခြေချနေထိုင်သူများ၏ကျူးကျော်မှုများကို လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ လက်ရှိစစ်ပွဲသည် Yom Kippur War စစ်ပွဲပြီးကတည်းက ဂါဇာကမ်းမြောင်ဒေသတွင်ဖြစ်ပွားသည့် ကြောက်မက်ဖွယ်ကောင်းသော ပဋ္ဌမမြောက်စစ်ပွဲပင်ဖြစ်သည်။

**ကိုးကား**

- **Central Asian Governments React to the Israel-Palestine Conflict By The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ထားဝယ်မြို့နယ်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်



**ထားဝယ် နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ထားဝယ်မြို့နယ် ရွှေတောင်စား စေတီတော်ကြီးဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးလှတင်က ပြောပြ၍ သိရသည်။

ထားဝယ်မြို့နယ်၏ နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲသည် အထင်ကရပွဲတော်တစ်ခုဖြစ်ကာ ၂၀၁၉ ခုနှစ်က နောက်ဆုံးကျင်းပခဲ့ပြီး ကိုဗစ်ကြောင့် ရပ်နားထားခဲ့ရာမှ ယခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲကတော့ ထားဝယ်မြို့ရဲ့အထင်ကရပွဲတော်တစ်ခုဖြစ်ပြီးတော့ ထားဝယ်တန်ဆောင်တိုင်အဖြစ်လဲ လူသိများပါတယ်။ ထားဝယ်မြို့တွင်းကို နှစ်ကျိပ်ရှစ်ဆူဘုရားတွေလှည့်လည်ပူဇော်ခံမှာကတော့ နိုဝင်ဘာ ၂၆ ရက်နေ့ ညဖြစ်ပါတယ်။ နိုဝင်ဘာ ၂၇ ရက်မှာတော့ ရွှေတောင်စားစေတီတော်ကြီး ရင်ပြင်မှာရှိတဲ့ စံကျောင်းတွေမှာ ပြန်လည်ကိန်းဝပ်မှာဖြစ်ပါတယ်"ဟု ရွှေတောင်စားစေတီတော်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးလှတင်က ပြောပြသည်။

ထားဝယ်ဒေသ၏ အထင်ကရပွဲတော်တစ်ခုလည်း ဖြစ်သည့် ထားဝယ်တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့လုံးကျွတ်လှည့်လည်အပူဇော်ခံပွဲတော်တွင် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရန်အတွက် ရွှေတောင်စားစေတီတော်ရင်ပြင်ရှိ ယာယီစံကျောင်းဆောင်တွင် အပူဇော်ခံထားရှိသော နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား သက်ဆိုင်ရာရပ်ကွက် အပူဇော်ခံအဖွဲ့များဝန်းရံလျက် သတ်မှတ်လမ်းကြောင်းများဖြစ်သည့် ရွှေတောင်စားလမ်းမှ ဆေးရုံလမ်းအတိုင်း၊ ထိုမှတစ်ဆင့် အာဇာနည်လမ်းမတစ်လျှောက်သို့ ကြွချီအပူဇော်ခံပြီးနောက် မြို့တွင်းရှိသတ်မှတ်လမ်းကြောင်းများအတိုင်း အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ASH

# Death of a Unicorn ဇာတ်ကားတွင် သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်ထား

**နယူးယောက် နိုဝင်ဘာ ၄**

A24 ရုပ်ရှင်ကုမ္ပဏီ၏ Death of a Unicorn ဟာသဇာတ်ကားတွင် သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်သရုပ်ဆောင်ထားကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ သရုပ်ဆောင်သုံးဦးဖြစ်သည့် မင်းသား ဝီပေါ်တာ၊ အန်တိုနီကာရီဂန်နှင့် မင်းသမီး သီအာလီယိုနီတို့သည် Death of a Unicorn ဇာတ်ကား၌ မင်းသား ရစ်ချက်အီးဂရန့်၊ မင်းသမီး ဆူနီတာမာနီတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားခြင်းဖြစ်သည်။

Death of a Unicorn ဇာတ်ကားသည် Unicorn ခေါ် သတ္တဝါဆန်းတစ်မျိုးကို မတော်တဆသတ်မိခဲ့သည့် သားဖနှစ်ဦး နောက်ဆက်တွဲ ပြဿနာများနှင့် ရင်ဆိုင်ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Death of a Unicorn ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ အဲလက်ခ်ျမင်းက ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**




# Miss Tourism World 2023 ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုအလှမယ် ဆုမြတ်ရည် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၄**

တရုတ်နိုင်ငံတွင် ကျင်းပမည့် Miss Tourism World 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဆုမြတ်ရည် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် Miss Tourism World 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၈၀ မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ယခင်က Miss Tourism World 2023 ပြိုင်ပွဲရက်ကို နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကျင်းပရန်ဖြစ်သော်လည်း ပြိုင်ပွဲရက် အပြောင်းအလဲဖြစ်နေကြောင်း သိရသည်။

"နိုဝင်ဘာ ၁ ရက်နေ့ပြိုင်ပွဲစမယ်လို့ပြောထားပေမဲ့အခြေအနေတချို့ကြောင့် ပွဲရက်ကိုနောက်ဆုတ်လိုက်ရတယ်။ နိုဝင်ဘာလကုန်လောက်ဖြစ်မယ်။ အဆင်သင့်ဖြစ်



အောင်တော့လုပ်ထားပါလို့ သူတို့ဘက်ကပြောတယ်။ အချိန်နောက်ဆုတ်သွားတော့ ညီမအတွက် ပိုပြီးပြင်ဆင်ချိန်တော့ရသွားတယ်။ အခုလက်ရှိမှာလဲ ညီမက Miss Grand Myanmar 2024 ပြိုင်ပွဲလဲရှိတော့ အဲဒီဘက်လဲ အာရုံစိုက်နေရတယ်။ ပြိုင်ပွဲအတွက်ကတော့ အကုန်အဆင်သင့်ဖြစ်နေပါပြီ"ဟု အလှမယ်ဆုမြတ်ရည်က ပြောပြသည်။

အလှမယ် ဆုမြတ်ရည်သည် ထားဝယ်မြို့သူဖြစ်ပြီး Miss Grand Chin Land ပြိုင်ပွဲတွင်လည်း Miss Grand Hakha 2024 ဆုနှင့် Beauty Face Of Angel's Secret ဆု အပါအဝင် Title ဆု ၅ ဆုရရှိထားသူလည်း ဖြစ်ကြောင်း သိရသည်။

ASH

# Highlander ဇာတ်ကားကို ယခုနှစ်အတွင်း ရိုက်ကူးရန်စီစဉ်

**နယူးယောက် နိုဝင်ဘာ ၄**

Highlander ဇာတ်ကားကို ယခုနှစ်အတွင်း ရိုက်ကူးရေးလုပ်ငန်းများစတင်ရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Highlander ဇာတ်ကားသစ်ရိုက်ကူးရေးလုပ်ငန်းစတင်နိုင်မည့်ရက်ကို ဒါရိုက်တာ ချက်စတာဟဲစကီး ကိုယ်တိုင်အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ရပ်ဆဲမာကာဟီ ရိုက်ကူးခဲ့သော Highlander(1986) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

မူလ Highlander ဇာတ်ကားသည် ၁၅၁၈ ခုနှစ်တွင် မွေးဖွားခဲ့သည့် စကော့တလန် ဓားသမားတစ်ဦး ယနေ့ခေတ်ထိ အသက်မသေဘဲ ရန်သူဟောင်းများနှင့် ရင်ဆိုင်ရပုံကို ပုံဖော်ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ချက်စတာဟဲစကီး တာဝန်ယူရိုက်ကူးမည့် Highlander ဇာတ်ကားတွင် မင်းသား ဟင်နရီကာဗေး အဓိကနေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်ပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရစာသင်တိုက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရစာသင်တိုက်၌ နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ကထိန်အလှူတော်အတွက် ပဒေသာပင်များကို နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ခင်းနေကျဖြစ်တဲ့ စုပေါင်းမဟာဘုံကထိန် ဒီနှစ်ခင်းဖြစ်ပါတယ်။ ကလေးဝတောရစာသင်တိုက်မှာ နိုဝင်ဘာ ၂၆ ရက်မှာ ကထိန်အလှူလုပ်မှာဖြစ်ပါတယ်။ အနုပညာရှင်တွေ လှူဒါန်းထားတဲ့ လှူဖွယ်ပစ္စည်းအစုစုနဲ့ ပဒေသာပင်တွေ သီးနေပါတယ်။ ပဒေသာပင်တွေကို နိုဝင်ဘာ ၂၆ ရက်မှာ ကျောင်းကို ပို့မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်ပွဲတော်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ရုပ်ရှင်အနုပညာရှင်များ၊ စေတနာရှင်များက လာရောက် လှူဒါန်းလျက်ရှိပြီး အသင်းနာယကကြီး သရုပ်ဆောင် အကယ်ဒမီ မြင့်မြင့်ခင်၊ အသင်းဥက္ကဋ္ဌ ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း၊ အသင်းအလုပ်အမှုဆောင် အကယ်ဒမီ ရန်အောင်တို့က လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing receives delegation led by Commander-in-Chief of Russian Navy


Senior General Min Aung Hlaing receives Commander-in-Chief of Russian Navy Admiral Nikolai A.EVMENOV.


Senior General Min Aung Hlaing exchanges gifts with Admiral Nikolai A.EVMENOV.


Senior General Min Aung Hlaing exchanges gifts with Admiral Nikolai A.EVMENOV.

**Nay Pyi Taw November 4**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received a delegation from Russian Federation led by Commander-in-Chief of Russian Navy Admiral Nikolai A.EVMENOV at the parlour of Zeyathiri Villa here this morning.

Present at the call together with the Senior General were Lt-Gen Ye Win Oo from Office of Commander-in-Chief (Army), Commander-in-Chief (Navy) Admiral Moe Aung and senior military officers. The Russian Navy Admiral was accompanied by Russian Ambassador to Myanmar H.E. Mr. Iskandar Azizov, senior officers from Russian Navy and Russian military attaché.

During the discussions, views on promotion of military friendship and cooperation between the two countries, the ongoing defence cooperation between the navies of the two countries, exchange of goodwill visits by naval boats and senior military officers of the two countries, joint maritime security trainings between the two navies, Tatmadaw officers pursuing knowledge in Russia, bilateral cultural cooperation and promotion of cooperation between the two armed forces were exchanged in a cordial atmosphere.

After the call, the Senior General and the Russian Navy Admiral exchanged commemorative gifts and posed for documentary photo.

100

# Tourist arrivals reach more than 880,000 from January to September 2023


Foreign tourists seen arriving at Yangon International Airport.

**Nay Pyi Taw November 4**

During the period from January to September 2023, more than 880,000 international tourists entered Myanmar by air, with the largest number of tourists coming from Thailand, according to U Aung Aye Han, Deputy Director General of the Directorate of Hotels and Tourism.

The arrival of international tourists is mainly through flights this year and when compared to the same period last year in 2022 the growth is almost five times.

"For the entry of international tourists to Myanmar, there are ways to enter through the border entrance, by air and sea. Now, in 2023, air travel and border entry are the main entry points. Most of the tourists are from Thailand. In preparation for the upcoming tourist season, Thai and Russian tourists have also been invited to visit the country, and the number of visa-free countries with Myanmar has reached 24 countries, so more people will be able to visit than in previous years," said U Aung Aye Han.

In Myanmar, 14 destinations have been identified for the attractive visits of international tourists, and services will be provided by over 2,000 hotels, motels and lodges, more than 2,000 licensed tour guides and over 500 tour companies throughout the country.

ASH

# Myanmar sees good prospects for the export of rattan as raw materials

**Nay Pyi Taw November 4**

Rattan, the raw materials of Myanmar, which had completely disappeared from the market, were able to be re-exported as a new type of export and there is good potential for exporting rattan raw materials, according to reports from the Ministry of Commerce.

There are 5,204 species of trees, 86 species of bamboo, 34 species of rattan, and 386 species of grass growing in the forests of Myanmar.

Among these surviving plant species, rattan species are listed as Myanmar's foreign exports.


Rattan is used as a raw material, and as a traditional Myanmar handicraft, it is made into a variety of human accessories, home accessories, home accessories and furniture, and exported to domestic and foreign markets.

Raw rattan materials and rattan furniture have been exported to South Korea, Japan, the United States and Europe.

Raw rattan products were exported to Thailand the most from Kawthoung border trade station. Last October, Myanmar sold 59 tons of raw rattan materials worth US$3,000 to Thailand.

336

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife enjoy performances of Myanmar Tatmadaw cultural troupe for Myanmar-Russia goodwill relations and Russian navy orchestra



Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy the concert.



**Nay Pyi Taw November 4**

In order to further strengthen the friendship between the Russian military and the Myanmar Tatmadaw, the Myanmar Tatmadaw cultural troupe for Myanmar-Russia goodwill relations and the Russian navy orchestra held a concert at the Thabin Hall of Zeyathiri Beikman here this evening, and Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoyed the performance.



The Russian navy orchestra performs.

Also present at the concert together with the Senior General and wife were the Chief of the General Staff (Army, Navy and Air) and wife, the SAC Secretary and wife, the SAC Joint Secretary and wife, SAC members and wives, union ministers and wives, senior military officers from the Office of the Commander-in-Chief and wives, members of the goodwill delegation led by Admiral Nikolai A. EVMENOV, Commander-in-Chief of the Navy of the Russian Federation, Russian Ambassador to Myanmar H.E. Mr. Iskandar Azizov, and officers, other ranks from the Office of the Commander-in-Chief (Army) and their families.

During the concert, artists from the Myanmar Tatmadaw cultural troupe and the Russian navy orchestra performed. The Russian navy orchestra performed Russian songs and dances and Myanmar music, while the Myawady music band of the Myanmar Tatmadaw cultural troupe performed Russian songs "Katyusha" and "Kalinka" to the accompaniment of the Myanmar orchestra and Russian dances and a song "Ar Thi Na Si Me Yar". The Senior General, wife and the audience enjoyed the performances.

After the performances, the Senior General and wife presented the Russian navy orchestra with a bouquet.

Next, the Commander-in-Chief of the Russian Navy presented a bouquet to the Myawady music band of the Myanmar Tatmadaw cultural troupe under the Directorate of Public Relations and Psychological Warfare.

Then, the Senior General and wife, senior military officers and the Russian Admiral and his delegation members posed for a documentary photo together with the cultural troupes of the two countries.

100



The Russian navy orchestra performs.



Senior General Min Aung Hlaing greets the performers.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Lockheed ကုမ္ပဏီက အမေရိကန်လေတပ်အတွက် လေထုလွှာအတွင်းသို့ပြန်လည်ဝင်ရောက်ရေးယာဉ် ထုတ်လုပ်ပေးသွားမည်



Lockheed Martin ကုမ္ပဏီသည် အမေရိကန်လေတပ်အတွက် Sentinel အမျိုးအစား Intercontinental Ballistic Missile (ICBM) တိုက်ချင်းပစ်ဒုံးကျည်၏ MK21A Reentry Vehicle လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ရေးယာဉ်ကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြင့် ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြထားသည်။

Lockheed Martin ကုမ္ပဏီသည် မျိုးဆက်သစ် တိုက်ချင်းပစ်ဒုံးကျည်အတွက် နည်းပညာဆိုင်ရာ အန္တရာယ်နည်းပါးသော၊ ကုန်ကျစရိတ်သက်သာစေသော လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ရေးယာဉ် (Reentry Vehicle)၏ ဒီဇိုင်း၊ နည်းပညာပိုင်းနှင့် ထုတ်လုပ်ရေးတို့ကို အဆင်ပြေစေရန် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

Mk21A ဟု အမည်ပေးထားသော Reentry Vehicle ပြန်လည်ဝင်ရောက်ရေးယာဉ်သည် Sentinel တိုက်ချင်းပစ်ဒုံးကျည်စနစ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းသည် အဖျက်စွမ်းအားကောင်းသော W87-1 နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်၏ Payload ကို သယ်ဆောင်သွားပေးမည်ဖြစ်ကြောင်း သိရသည်။

စာချုပ်ပါ ဆက်စပ်လုပ်ငန်းများကို အမေရိကန်နိုင်ငံ Pennsylvania တွင် လုပ်ဆောင်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် အပြီးသတ်ရန် မျှော်မှန်းထားသည်။

ထုတ်လုပ်ရေးသဘောတူစာချုပ်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကနဦးအစီအစဉ်အရ ၂၀၂၆ ခုနှစ်မတိုင်မီ အကောင်အထည်ပေါ်လာရန် လက်မှတ်ရေးထိုးခဲ့ခြင်းလည်းဖြစ်သည်။

Sentinel တိုက်ချင်းပစ်ဒုံးကျည်သည် ခေတ်မီစစ်မြေပြင်တွင် ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိမည့်မြေပြင်အခြေစိုက် မဟာဗျူဟာမြောက် အဟန့်အတားစွမ်းရည်ဖြစ်သည်။ တီထွင်မှုမှာ တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်ဆဲ အစောပိုင်းအဆင့်တွင် ရောက်ရှိနေပြီး ဒုံးကျည်သည် တိုက်ခိုက်မှုအကွာအဝေး ကီလိုမီတာ ၅၅၀၀ (၃၄၁၇ မိုင်) ထက်ကျော်လွန်တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ကြောင့် မိနစ် ၃၀ အတွင်း မည်သည့်ပစ်မှတ်မျိုးကိုမဆို တိုက်ခိုက်နိုင်စွမ်း ပိုင်ဆိုင်ထားလိမ့်မည်ဖြစ်သည်။

တိုးတက်လာသော နည်းပညာများနှင့် အဆင့်မြှင့်တင်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတည်ဆောက်မှုများကြောင့် အနာဂတ် ခြိမ်းခြောက်မှုများအပေါ် လိုက်လျောညီထွေဖြစ်စွာ တုံ့ပြန်နိုင်စေရန်အတွက် လက်နက်စနစ်ကို အနာဂတ်တီထွင်မည့် အစိတ်အပိုင်းများနှင့် အလွယ်တကူပေါင်းစပ်အသုံးပြုနိုင်သည်။

ပင်တဂွန်စစ်ဌာနချုပ်၏ အဆိုအရ Sentinel ဒုံးကျည်သည် ဒေသတွင်းပဋိပက္ခများမြင့်တက်လာနေချိန်တွင် အမေရိကန်၏ နိုင်ငံ့ကာကွယ်ရေးစွမ်းရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်လိမ့်မည်ဟု သိရသည်။

**Lockheed to Produce US Air Force Sentinel ICBM Reentry Vehicle for $1B ကို ဘာသာပြန်ဆိုထားပါသည်။**

## အီတလီထံမှဝယ်ယူထားသော AW-149 ဘက်စုံသုံးရဟတ်ယာဉ်များ ပထမဆုံးအသုတ် ပိုလန်စစ်ဘက် လက်ခံရရှိ

ပိုလန်စစ်ဘက်သည် အီတလီနိုင်ငံထံမှ ဝယ်ယူထားသော AW-149 ဘက်စုံသုံး ရဟတ်ယာဉ်များ ပထမဆုံးအသုတ်ကို အီတလီကာကွယ်ရေးကုမ္ပဏီ လီယိုနာဒို ထံမှ လက်ခံရရှိခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ တန်ဖိုးရှိ AW-149 ရဟတ်ယာဉ် ၃၂ စင်း ဝယ်ယူရန်မှာ ၂၀၂၂ ခုနှစ်အတွင်း ချုပ်ဆိုခဲ့သော ဝယ်ယူရေးစာချုပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ပိုလန်နိုင်ငံ အလယ်ပိုင်းရှိ Nowy Glinnik လေတပ်စခန်းတွင် ပြုလုပ်ခဲ့သည့် ရဟတ်ယာဉ်များ လွှဲပြောင်းလက်ခံမှု အခမ်းအနားသို့ ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီး Mariusz Błaszczak တက်ရောက်ခဲ့သည်။

အဆိုပါ Rotary-Wing ရဟတ်ယာဉ်သစ်များကို သယ်ယူပို့ဆောင်ရေးနှင့် တိုက်ခိုက်ရေးမစ်ရှင်များတွင် ပံ့ပိုးကူညီရန်အတွက် အမှတ် (၂၅) လေကြောင်းတပ်မဟာတွင် တပ်ဖြန့်ထားမည်ဖြစ်သည်။

"လေကြောင်းခြိမ်းခြောက်မှုတွေကို ထိရောက်တဲ့ တုံ့ပြန်မှုတွေပြုလုပ်တာက ပိုလန်စစ်ဘက်ကို ခိုင်မာအားကောင်းစေမှာဖြစ်ပါတယ်။ အဲဒါကြောင့် အမှတ်(၂၅) လေကြောင်းတပ်မဟာမှာ AW-149 ရဟတ်ယာဉ် ၃၂ စင်းထဲက လက်ရှိ နှစ်စင်းကို တပ်ဖြန့်ထားတာမြင်ရတာ အလွန်ကျေနပ်မိပါတယ်"ဟု ပိုလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Mariusz Błaszczak က ထည့်သွင်းပြောကြားခဲ့သည်။

ဝယ်ယူရေးစာချုပ်တွင် ချုပ်ဆိုထားမှုများအရ ကျန်ရှိနေသေးသော AW-149 ရဟတ်ယာဉ်အစင်း ၃၀ ကို ၂၀၂၉ ခုနှစ်အတွင်း ပို့ဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

လီယိုနာဒိုကုမ္ပဏီ၏ AW-149 ဘက်စုံသုံးရဟတ်ယာဉ်သည် ပိုလန်စစ်ဘက်၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဒီဇိုင်းထုတ်ထားသော မျိုးဆက်သစ် ဘက်စုံသုံးရဟတ်ယာဉ် အမျိုးအစားလည်းဖြစ်သည်။ ၎င်းသည် အမြန်ဆုံးနှုန်း တစ်နာရီလျှင် ၂၇၈ ကီလိုမီတာ (၁၇၃ မိုင်)၊ အမြင့်ပေ ၆၀၀၀ (၁၈၂၉ မီတာ) ကျော် ပျံသန်းစစ်ဆင်နိုင်ပြီး တပ်ဖွဲ့ဝင် ၁၈ ဦးထိ တင်ဆောင်နိုင်သည်။ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရမည့် အခြေအနေများတွင် လိုအပ်ချက်များအတိုင်း တာဝန်ထမ်းဆောင်နိုင်စေရန် ဒေသတွင်းပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်နိုင်သည်ဟု သိရသည်။

ပိုလန်နိုင်ငံက မှာယူသော AW-149 ရဟတ်ယာဉ်များသည် ပိုလန်တပ်မတော်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန်၊ ရှာဖွေထောက်လှမ်းရေးစနစ်များ၊ လက်နက်ငယ်များနှင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးစနစ်များ ပေါင်းစပ်အသုံးပြုနိုင်ရန် စိတ်ကြိုက်ပြင်ဆင်ထားသည်။



ပိုလန် ကာကွယ်ရေးဝန်ကြီးဌာနကလည်း ရဟတ်ယာဉ်များတွင် AGM-114 Hellfire ဒုံးကျည်များ တပ်ဆင်အသုံးပြုသွားမည်ဟု ယခုနှစ် အစောပိုင်းက ကြေညာခဲ့သည်။

ယခုအချိန်တွင် ရဟတ်ယာဉ်များသည် စက်သေနတ်များနှင့် ပဲ့ထိန်းမဲ့ဒုံးကျည်များဖြင့်သာ တိုက်ပွဲဝင်နိုင်သော်လည်း ပဲ့ထိန်းဒုံးကျည်များနှင့် Hellfire တင့်ဖျက်ဒုံးကျည်များသည် အဆိုပါ ရဟတ်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်မည့် လက်နက်စနစ်များဖြစ်လာလိမ့်မည်ဟု ပိုလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Mariusz Błaszczak က ရှင်းပြခဲ့သည်။

ဘက်စုံသုံး ရဟတ်ယာဉ်များအပြင် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီတန်သော ဝယ်ယူရေးသဘောတူစာချုပ်တွင် ပိုလန်စစ်ဘက်ကို ရဟတ်ယာဉ်ကြံ့ခိုင်ထိန်းသိမ်းရေး၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေး၊ လေ့ကျင့်သင်တန်းပေးရေးနှင့် ဆင်မြူလေတာစနစ်များပါဝင်သည်။

**Polish Army Receives First AW-149 Multi-Role Helicopters From Italy ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၇၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၇၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၂၂၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၁၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က ဒီပဲယင်းမြို့နယ်မှာ မိုးစပါးဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးစပါးဧက ၁၂၂၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ၁၂၁၇၇ ဧက စိုက်ပျိုးပြီးပါပြီ။ မိုးစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်ဖို့ အချိန်မီ စိုက်ပျိုးဖို့ဆောင်ရွက်ပေးပါတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးကို ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ စပါး ၁၂၁၅၅၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ အသုံးပြုတတ်စေရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ဒီပဲယင်းမြို့နယ်တွင် နွေစပါးဧက ၅၄၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၁၆၉၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာပေါင်းမြို့နယ် စာဖြူကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**သာပေါင်း နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် စာဖြူကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတာဝန်ခံတို့နှင့်အတူ စာဖြူကုန်းကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



စာဖြူကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ အရှည်ပေ ၂၆၀၀၊ အကျယ် နှစ်ပေနှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# ချောင်းဆုံမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေး

**ချောင်းဆုံ နိုဝင်ဘာ ၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အသင်းဝင်များလိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ထန်းပင်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၄**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A. EVMENOV အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် နှစ်နိုင်ငံရေတပ်အရာရှိများကို အပြန်အလှန်မိတ်ဆက်ပေးကြပြီး ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV က ဘုရင့်နောင်ရိပ်သာ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်သည် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား နဂိုရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ Navy To Navy Talks ဆွေးနွေးပွဲပြုလုပ်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်ရေတပ်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A. EVMENOV တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် အတူ စစ်ဦးစီးအရာရှိချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများတက်ရောက်ကြပြီး ရုရှားရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Sergey KURCHENKO နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် ရုရှားရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတို့တွင် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့သွားရောက်၍ ပန်းခြင်းချအလေးပြုခြင်း၊ ရတနာဆင်ဖြူတော်သို့ သွားရောက်လေ့လာခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရုရှားရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိခဲ့ရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။




ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV တို့ တွေ့ဆုံဆွေးနွေးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ပန်းခြင်းချအလေးပြုစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV နေပြည်တော်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာပြီး အစာကျွေးမွေးစဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေး



**နေပြည်တော် နိုဝင်ဘာ ၄**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များရှိ မွေးကင်းစမှအသက်ငါးနှစ်အထိ ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ၊တိုက်ကျွေး

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင် မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးပြီး ကလေးငယ်များအား အမှတ်တရပစ္စည်းပေးအပ်စဉ်။**

ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ဆေးထိုးနှံမည့် ကလေးငယ်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။

အဆိုပါ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းများ ဆောင်ရွက်ရာတွင် နယ်မြေခံဆေးတပ်ရင်းမှ ပါရဂူများနှင့် ဆေးမှူးများက ကလေးငယ် ၃၁၃ ဦးတို့ကို ဝက်သက်၊ ဂျိုက်သိုး၊(BCG)၊ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ပုတောမြို့နယ်တွင်လည်းကောင်း၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အဖျောက်မြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းကောင်း ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးပုတောမြို့နယ် ကျုံကူးကျေးရွာ၌ အခြေပြု၍ဒေသခံပြည်သူ ၁၀၆၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၃၄၀၊ ခွဲစိတ်ရောဂါ ၈၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၂ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ဦးရေ ၁၂၀၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၆၅ ဦး၊ မျက်စိရောဂါ ၂၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင်ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ၁၀ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာဦးရေ ၅၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ နယ်လှည့်အထူးကုဆေးအဖွဲ့အတွက် ဆေးဝါးများ၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် နေမြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည်ယနေ့တွင် အဖျောက်မြို့ လောကမာန်အောင်ဘုရားကြီး မဟာသံတန်ဆောင်း၌ အခြေပြု၍ အဖျောက်မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၅ ဦး၊ ခွဲစိတ်ရောဂါ ၈၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၁ ဦးကလေးရောဂါဦးရေ ၂၀၊ အရိုးရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၇ ဦး၊ မျက်စိရောဂါ ၉၉ ဦးနှင့် သွားရောဂါ ၃၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူအထွေထွေခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ၂၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာငါးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**မနော်ဟေမူးဖော (ဒေသခံ ကျုံကူးရွာ)**

သမီးက နှလုံးအောင့်တာ သုံးနှစ်ကျော်လောက်ရှိပါပြီ။ အခုက နယ်လှည့်ဆေးကုသရေးအဖွဲ့ကို လာပြတာပါ။ ရင်ထဲမှာ ပီတိလဲဖြစ်တယ်ပေါ့နော်။ ဒီလိုမျိုး ကုသမှုမျိုးလည်းမခံယူဖူး ပါဘူး။ ဒါပထမဆုံးပဲ။ ပါရဂူကြီးတွေနဲ့ လာပြရတာပေါ့နော်။ ရောဂါလဲ သက်သာသွားပါတယ်။ အဆင်လည်းပြေတယ်ပေါ့နော်။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က အခုလိုလာရောက်ဆေးကုသပေးတော့ သမီးရင်ထဲမှာ အရမ်းဝမ်းသာပါတယ်။ သမီးတို့ရွာကိုလည်း ခဏခဏလာပြီးတော့ ဆေးကုသ





ပေးစေချင်ပါတယ်။ သမီးတို့ရွာမှာ လူတွေအများကြီးရှိပါတယ်ပေါ့နော်။ ရောဂါသည်တွေလဲ အများကြီးပဲပေါ့။ အခုလိုမျိုး အခမဲ့လာကုသပေးတာလဲ ကျေးဇူးအများကြီးတင်ပါတယ်လို့။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူအားလုံးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။

**ဦးစန်းမောင် (အမှတ်(၁) ရပ်ကွက် အဖျောက်မြို့)**

အဘအသက်က ၇၀ ရှိပါပြီ။ အရိုး





အကြော၊ အာရုံကြောအားနည်းတယ်ဆိုလို့ ဒီကိုလာပြီးတော့ ပြသရခြင်းဖြစ်ပါတယ်။ ဆေးခန်းမှာ အဘပြတဲ့ အခါကြတော့ ဒေါက်တာက အာရုံကြောအားနည်းတယ်ဆိုလို့ ဒေါက်တာရေးပေးတဲ့ ဆေးကိုပဲ အခုဝယ်ပြီး စားနေရပါတယ်။ အဘရောဂါက သုံးနှစ်လောက်ရှိသွားပြီ။ တပ်မတော်ဆေးကုသရေးအဖွဲ့ကနေပြီး အဖျောက်ကိုလာပြီးတော့ အခမဲ့ဆေးကုသပေးတဲ့အတွက် လာရောက်ပြရခြင်းပဲဖြစ်ပါတယ်။ အဘ ပတ်ဝန်းကျင်မှာရှိတဲ့ ရောဂါဝေဒနာခံစားနေရတဲ့ ပုဂ္ဂိုလ်တွေလည်း ဒီမှာလာပြီးတော့ ဆေးကုသရေးအဖွဲ့ကို သွားပြီးတော့ စေတနာကောင်းမွန်စွာနဲ့ သူတို့စမ်းသပ်စစ်ဆေးပေးတယ်ဆိုတဲ့ အကြောင်းကို မျှဝေပေးချင်ပါတယ်။ ဒါကြောင့်မို့ အဘတို့လို မပြည့်စုံတဲ့သူတွေ ရန်ကုန်ဆေးရုံ၊ ဆေးခန်းကြီးတွေ မသွားနိုင်တဲ့အတွက် အခုလိုအခမဲ့ လာရောက်ကုသပေးတဲ့အတွက် တပ်မတော်ဆေးကုသရေးအဖွဲ့ကိုလည်း အဘအများကြီး ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က လက်ခံရယူစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံ အလှူရှင်တစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၄၉ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၁၁၀၂၇ သိန်းကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ ရှမ်းပြည်နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် စေတနာရှင်အလှူရှင် ၂၈ ဦးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၆၅၆၁ သိန်းကို ဂုဏ်ပြုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေစံတပ်မတော်သားများက မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ရပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေစံတပ်မတော်သားများက ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံ၌ ရပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်းမိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ယင်၊ ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသောလူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရောဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်နှင့် ပုံပါကျင်မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ကျွမ်းစုမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် ချောက်မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့လှမြို့နယ်နှင့် တောင်ငူမြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း၊အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ဗြုံးခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း(Maritime Security Exercise)ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များဆက်ဆွဲထားသည့်ဧရိယာကို သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်ကို သင်္ဘောကြီးငယ်များ၊ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ငါးဖမ်းခြင်း၊ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့်လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းဧရိယာပြမြေပုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပပြုလုပ်မည်

**နေပြည်တော် နိုဝင်ဘာ ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊အမျိုးသမီးအသင်း ၁၅ သင်းဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့်မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့)လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုဝင်ဘာ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၂၉ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသိဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ဆောင်ခဲ့သည့် "Daw Khin Khin Wai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရပ်ကွက်နေ ခင်ခင်ဝေ(ခ)ကောက်ကောက်ကို ည ၁၁ နာရီ ၄၅ မိနစ်တွင် စက်မှုရှင်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## နီပေါတွင် ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၃၉ ဦးသေဆုံး



**စတ္တမန္ဒူ နိုဝင်ဘာ ၄**

နီပေါနိုင်ငံအနောက်ဘက်ပိုင်းတွင် နိုဝင်ဘာ ၃ ရက်က ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ရာ မြေပြိုမှုနှင့် အဆောက်အအုံပြိုကျမှုများကြောင့် လူ ၁၃၉ ဦးသေဆုံးခဲ့ပြီး အနည်းဆုံးလူဦးရေ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် နီပေါနိုင်ငံအနောက်ဘက်ရှိ ကာနာလီပြည်နယ်၊ ဂျက်ဂျာကော့ခရိုင်အတွင်း နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၄၇ မိနစ်တွင် မြေအောက်အနက် ၁၁ မိုင်အကွာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ ၁၃၉ ဦးထိ ရှိလာခဲ့ကာ အနည်းဆုံး လူဦးရေ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ကာနာလီပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂိုပါကန်ဒရာဘတ်တာရိက ပြောကြားခဲ့သည်။

နီပေါနိုင်ငံဝန်ကြီးချုပ် ပုရှ်ပါး ကာမယ်ဒါဟယ်က ငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသူများအတွက် အလွန်ဝမ်းနည်းကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ပြီး လုံခြုံရေးအေဂျင်စီများ အနေဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ချက်ချင်းလုပ်ဆောင်ကြရန်လည်း ပြောကြားခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အများအပြားပြိုကျပျက်စီးခဲ့ရာ အပျက်အစီးများ ပြန့်ကြဲနေပုံကို ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့ကြကြောင်း၊ ငလျင်ဗဟိုချက်အနီးရှိ ရာမီဒါဒါမြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင်မူ ဆက်သွယ်မှုများပြတ်တောက်ခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုစာရင်း အသေးစိတ်ကို ထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နီပေါနိုင်ငံသည် ဟိမဝန္တာတောင်တန်းများအနီး ဘူမိဗေဒဆိုင်ရာ ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိပြီး ငလျင်များ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း၊ ၂၀၁၅ ခုနှစ်က ငလျင်နှစ်ကြိမ် လှုပ်ခတ်မှုကြောင့် လူဦးရေ ၉၀၀၀ ခန့် သေဆုံးခဲ့ပြီး ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့် ဘုရားကျောင်းများအပါအဝင် အဆောက်အအုံတစ်သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

## တီတီကာကာကန်တွင် ရေပမာဏ စံချိန်တင်ကျဆင်းမှု ဖြစ်ပွားနေ

**လီမာ နိုဝင်ဘာ ၄**

ဘိုလီးဗီးယားနိုင်ငံနှင့် ပီရူးနိုင်ငံနယ်စပ်တွင် တည်ရှိသည့် တောင်အမေရိကတိုက်၏ နာမည်ကြီးကန်ဖြစ်သော တီတီကာကာကန်တွင် ရေပမာဏ စံချိန်တင်ကျဆင်းမှုဖြစ်ပွားနေသည်ဟု ပီရူးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အယ်လ်နီညိုရာသီဥတုကြောင့် တီတီကာကာကန်တွင် ရေပမာဏ စံချိန်တင် ကျဆင်းခဲ့ရခြင်းဖြစ်ပြီး တီတီကာကာကန်ကို မှီခိုနေရသည့် ဒေသခံများအတွက် သောက်သုံးရေခက်ခဲသည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ပီရူးနိုင်ငံဘက်ခြမ်း၌ တည်ရှိသော တီတီကာကာကန်ရေပမာဏသည် ဧပြီလမှစ၍ တစ်လလျှင် ပျမ်းမျှ လေးလက်မထိ လျော့ကျနေကြောင်း ပီရူးရေအားလျှပ်စစ်နှင့်မိုးလေဝသဆိုင်ရာ အင်ဂျင်နီယာဌာနက ထုတ်ပြန်ခဲ့သည်။

"တီတီကာကာကန်ဟာ တောင်အမေရိကတိုက်ရဲ့ အကြီးဆုံးကန်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ကန်တွေအနက် ကန်အတွင်းလှုပ်ရှားသွားလာနိုင်မှုနှုန်း အမြင့်ဆုံးကန်အဖြစ်လဲ သတ်မှတ်ခံထားရတဲ့ ကန်ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် တီတီကာကာကန်မှာ တစ်ခါမှမဖြစ်ဖူးသေးတဲ့ ရေပမာဏကျဆင်းမှုတွေ ဖြစ်ပေါ်နေတယ်။ အဓိကပြဿနာကတော့ အယ်လ်နီညို ရာသီဥတုကြောင့်ပဲ ဖြစ်ပါတယ်"ဟု ပီရူးရေအားလျှပ်စစ်နှင့် မိုးလေဝသဆိုင်ရာအင်ဂျင်နီယာဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပီရူးရေအားလျှပ်စစ်နှင့်မိုးလေဝသဆိုင်ရာ အင်ဂျင်နီယာဌာနမှ သုတေသီများက တီတီကာကာကန်၏ ရေပမာဏကို တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် ပုံမှန်ရေပမာဏထက် ၂၉ လက်မထိ လျော့ကျနေပြီဖြစ်ပြီး ၎င်းပမာဏသည် တီတီကာကာကန်သမိုင်းတစ်လျှောက် အများဆုံးလျော့ကျသည့် ရေပမာဏဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## တက်စ်ကာနီနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူခြောက်ဦးထက်မနည်းသေဆုံး

**ရောမ နိုဝင်ဘာ ၄**

အီတလီနိုင်ငံ တက်စ်ကာနီနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူခြောက်ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့သည်ဟု အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ခြောက်ဦးထက်မနည်းရှိသည့်အပြင် လူနှစ်ဦးလည်း ပျောက်ဆုံးနေကြောင်း၊ စီအာရန်မုန်တိုင်းဖြတ်သန်းသွားခဲ့ပြီးနောက် မိုးသည်းထန်စွာရွာသွန်းကာ အာနိုမြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့ပြီး စံချိန်တင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများတွင် ဖလော်ရင့်မြို့လည်း ပါဝင်နေပြီး ဖလော်ရင့်မြို့နှင့် ကိုးမိုင်အကွာတွင် တည်ရှိသော ဘီဆင်ဇီယိုမြို့၌လည်း ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော လူဦးရေ ၁၉၀ ထက်မနည်းရှိနေပြီး ၎င်းတို့အနက် လူဦးရေ ၁၅၀ ခန့်မှာ ဘီဆင်ဇီယိုမြို့ခံများဖြစ်ကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှု အခြေအနေကတော့ ဆိုးရွားတဲ့အခြေအနေဖြစ်ပါတယ်။ အာနိုမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေက ပိုမိုဆိုးရွားခဲ့တာဖြစ်ပါတယ်။ ရေစီးနဲ့အတူ ရွှံ့နွံတွေလဲ ရောနှောပါဝင်လာတဲ့အတွက် ရေနုတ်မြောင်းတွေ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့တယ်။ ရေနုတ်မြောင်း ပိတ်ဆို့မှုတွေကြောင့် မြို့အတွင်း ရေကြီးရေလျှံမှုအခြေအနေက ပိုမိုဆိုးရွားခဲ့တာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် လူခြောက်ယောက်ထက်မနည်းသေဆုံးသွားခဲ့တယ်။ ပျောက်ဆုံးနေသူ နှစ်ယောက် ရှိနေဆဲဖြစ်ပြီးတော့ ကယ်ဆယ်ရေး ဝန်ထမ်းတွေက ပျောက်ဆုံးနေသူ နှစ်ယောက်ကို အမြန်ဆုံးရှာဖွေပေးနိုင်ဖို့အတွက် ကြိုးစားနေပါတယ်"ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ တက်စ်ကာနီနယ်မြေဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မိုနီယာမွန်နီက ပြောကြားခဲ့သည်။



**Ref : Sputnik News**
**Trs : Sai Sat**

## နယူးဒေလီမြို့တွင် လေထုအရည်အသွေး ကျဆင်းမှုကြောင့် ကျောင်းတချို့ကို ပိတ်ထားရ

**နယူးဒေလီ နိုဝင်ဘာ ၄**

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမြို့တွင် နိုဝင်ဘာ ၃ ရက်က လေထုအရည်အသွေး ကျဆင်းမှုကြောင့် ကျောင်းတချို့ကို ပိတ်ထားရကြောင်း မြို့တော်တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQAir လေထုအရည်အသွေးတိုင်းတာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၃ ရက်က လေထုအရည်အသွေး အခြေအနေမှာ AQI ၆၄၀ ထိ ရောက်ရှိခဲ့ပြီး အန္တရာယ်ရှိသော အခြေအနေသို့ ရောက်ရှိလျက်ရှိရာ ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့များစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း သိရသည်။

အမှိုက်များ မီးလောင်ကျွမ်းမှု၊ လေတိုက်နှုန်းနှေးကွေးမှုနှင့် အပူချိန်မြင့်မားမှုတို့ကြောင့် နောက်ထပ်ရက်သတ္တပတ်နှစ်ပတ်မှ သုံးပတ်ထိ လေထုညစ်ညမ်းမှုမှာ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း နယူးဒေလီမြို့ ညစ်ညမ်းမှုထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ အက်ရှ်ဝါနီကူးမားက ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုကြောင့် မြို့ခံများအနေဖြင့် လေသန့်စင်စက်များကို အလုအယက်ဝယ်ယူခဲ့ကြရာ ပစ္စည်းပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ၂၄ နာရီအတွင်း ဆေးရုံသို့ ရောက်ရှိလာသော ကလေးအများစုတွင် ချောင်းဆိုးခြင်း၊ အသက်ရှူမြန်ခြင်းများ ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရကြောင်း နယူးဒေလီမြို့ခံဆရာဝန် အာဟက်ခန်က ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုကြောင့် မြို့တွင်းရှိ မူလတန်းကျောင်းတချို့ကို နိုဝင်ဘာ ၃ ရက်နှင့် ယနေ့တို့တွင် ခေတ္တပိတ်ထားရန် အမိန့်ထုတ်ပြန်ထားပြီး ဆင်ခြေဖုံးရပ်ကွက်များတွင် ဖွင့်လှစ်သောကျောင်းများ၌လည်း နှာခေါင်းစည်းတပ်ဆင်ရန် ညွှန်ကြားထားကြောင်း သိရသည်။

လေထုညစ်ညမ်းမှုသည် ပန်ဂျပ်ပြည်နယ်၊ ဟီယာနပြည်နယ်၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တို့တွင် လယ်သမားများက ဆောင်းသီးနှံမစိုက်ပျိုးမီ လယ်ယာမြေများရှင်းလင်းမီးရှို့ရာမှ ထွက်ပေါ်လာသောမီးခိုးငွေ့များကြောင့် အဓိကဖြစ်ပွားရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။

**Ref : Xinhua News**
**Trs : AZH**

## စပိန်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံရာနှင့်ချီ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**မက်ဒရစ် နိုဝင်ဘာ ၄**

စပိန်နိုင်ငံ အရှေ့ဘက်ပိုင်း ကန်ဒီယာကမ်းခြေဒေသ အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၃ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံရာနှင့်ချီ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည်ဟု စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကန်ဒီယာကမ်းခြေဒေသသည် ဗလန်စီယာနယ်မြေ၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိသောဒေသဖြစ်ပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားစဉ် လေတိုက်နှုန်း မြင့်တက်မှုကြောင့် တောမီးသည် နေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်နေကြောင်း၊ လေတိုက်နှုန်း မြင့်တက်နေခြင်းသည် စီအာရန်မုန်တိုင်းကြောင့် မြင့်တက်နေခြင်းဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီပါ ရယူရတော့မည်ဖြစ်ကြောင်း သိရသည်။

"အရှေ့ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကိုရောက်ရှိနေပြီး ဒေသခံရာနဲ့ချီပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်။ သစ်တောမြေဧက ၁၀၀၀ ကနေ ၁၄၀၀ ကျော်ထိ တောမီးကူးစက်လောင်ကျွမ်းခဲ့ပါတယ်"ဟု စပိန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စပိန်အစိုးရက စပိန်တပ်မတော်မှ လေယာဉ်များကို စေလွှတ်ပေးရန် ညွှန်ကြားထားသကဲ့သို့ တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် စပိန်တပ်မတော်သား တချို့ကိုလည်း မီးငြိမ်းသတ်ရာတွင် ကူညီပေးရန် စေလွှတ်ပေးရေး ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုသည် သဘာဝအလျောက် လောင်ကျွမ်းခဲ့ခြင်းမျိုး မဖြစ်နိုင်သည့်အတွက်ကြောင့် တောမီးကို ထိန်းချုပ်နိုင်သည့်အဆင့်သို့ရောက်ရှိပါက တောမီးလောင်ကျွမ်းခဲ့ရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်ဟု မီးသတ်တပ်ဖွဲ့နှင့် တာဝန်ရှိသူတချို့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ချစ်စရာ့အရွယ် စာဖတ်မယ်


ကလေး စာပေကဏ္ဍ

## ပညာဉာဏ်အစွမ်း အံ့မခန်း

ရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုမှာ ကေသရာဇာခြင်္သေ့ကြီးတစ်ကောင် အုပ်စိုးနေသတဲ့ကွယ်။ အဲဒီခြင်္သေ့ကြီးမှာ ထူးခြားတဲ့အကျင့်တစ်ခုရှိသတဲ့။ အဲဒါကတော့ သူ နံနက်စောစော အိပ်ရာထတဲ့အခါ လာပြီးနားနေတဲ့ယင်ကောင်တွေကို မောင်းထုတ်ဖို့ အခိုင်းအစေအဖြစ် တိရစ္ဆာန်တစ်ကောင်ကိုခေါ်ခိုင်းတာပါပဲ။ တိရစ္ဆာန်အများစုအတွက်တော့ ခြင်္သေ့ကြီးခေါ်ခိုင်းတာသွားဖို့ ဝန်လေးကြသတဲ့ကွယ်။ ကြောက်လဲကြောက်၊ လန့်လဲလန့်ကြတော့ လုပ်ရတာပေါ့ကွယ်။ တစ်ခုသောမနက်ခင်းမှာ ခြင်္သေ့ကြီးက ယင်ကောင်တွေကို မောင်းပေးနေတဲ့ သမင်ပျိုကလေးကို မေးလိုက်သတဲ့။ "ဟဲ့ သမင်ပျို။ ငါ့အနားမှာနေပြီး ယင်ကောင်တွေကို မောင်းထုတ်ပေးနေတာ။ နောက်ထပ် ဘာများသတိထားမိသေးလဲ။ ကဲ ပြောစမ်း"

ဒီတော့ သမင်ပျိုကလေးက "အို ခြင်္သေ့ကြီး သတိထားမိသလောက်တော့ အရှင့်ရဲ့အာခံတွင်းကထွက်တဲ့ အပုပ်နံ့ကြောင့် မူးမေ့လဲမတတ် ခံစားနေရပါတယ်"လို့ ပြောသတဲ့။ အဲဒီအခါ ခြင်္သေ့ကြီးက ဒေါသထွက်ပြီး ချက်ချင်းဆိုသလို သမင်ပျိုကလေးကို ကိုက်စားလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ခြင်္သေ့ကြီးရဲ့မေးခွန်းကို ဖြေဆိုကြပြီးတိုင်း တိရစ္ဆာန်တွေ အစားခံရတာများလာတဲ့အတွက်ကြောင့် ခြင်္သေ့ကြီးရဲ့အနားကို ဘယ်သူမှ မသွားဝံ့ကြတော့ဘူး။ ဒါပေမဲ့ တောအုပ်ထဲမှာ အသန်မာဆုံး၊ အင်အားအကြီးဆုံးဖြစ်နေတော့ မလွန်ဆန်ရဲလို့ သွားကြရသတဲ့။ အခြားတိရစ္ဆာန်တွေလဲ ခြင်္သေ့ကြီးရဲ့အမေးကို ကြဲဆပြီး အစားမခံရအောင်ဖြေကြသတဲ့။ ခြင်္သေ့ကြီးက ဘယ်တိရစ္ဆာန်မှ အလွတ်မပေးဘဲ တစ်နေ့တစ်ကောင် ကျွန်စားလာလိုက်တာ တစ်တောလုံးပြုန်းလုနီးပါးမတတ်ဖြစ်လာတယ်တဲ့ကွယ်။ ဒါကြောင့် ယုန်၊ ကျား၊ မြေခွေး၊ ဝက်ဝံ စတဲ့တိရစ္ဆာန်တွေဟာ သူတို့ရဲ့အသက်အန္တရာယ်ကို စိုးရိမ်ကြတဲ့အတွက် ဆွေးနွေးတိုင်ပင်ကြသတဲ့ကွယ်။

အဲဒီအခါ မြေခွေးက "ကျုပ် သားကောင်ကိုလိုက်ရှာရင်း မျက်စိလည်လမ်းမှားပြီး ဟိုအစွန်ဆုံးက တောထဲကို ရောက်သွားတဲ့အခါ အဲဒီတောကို အုပ်ချုပ်နေတဲ့ ပညာရှိဇီးကွက်နဲ့တွေ့ခဲ့ဖူးတယ်။ အဲဒီတောကိုလဲ သူပဲ အုပ်ချုပ်နေတာတဲ့။ အဲဒီစကားကြားရတော့ အရမ်းထူးဆန်းလို့ အသင်ဇီးကွက် ခွန်အားအကြီးဆုံး သူကသာ တောကိုအုပ်ချုပ်ကြရိုးထုံးစံရှိစမြဲပါ။ ဘာကြောင့် အသင်က ခွန်အားဗလမရှိဘဲ အုပ်ချုပ်နေပါသလဲဆိုပြီး မေးတော့ သူပြန်ပြောတာက ခွန်အားနဲ့အုပ်ချုပ်ခြင်းထက် ပညာနဲ့အုပ်ချုပ်ခြင်းက ပို၍ပို၍ သာယာပျော်ရွှင်



မှုကို ရစေတယ်လို့ပြောပြတယ်။ ဒါကြောင့် ကျုပ်တို့ အခုဖြေရှင်းရမဲ့ပြဿနာက ခွန်အားနဲ့ဖြေရှင်းလို့ အဆင်မပြေလောက်ဘူး။ ပညာနဲ့ဖြေရှင်းမှသာ ရနိုင်မှာပါ။ ပညာရှိဇီးကွက်ဆီသွားပြီး အကြံဉာဏ်တောင်းခံကြဖို့ အကြံပြုလိုပါတယ်"လို့ ပြောသတဲ့ကွယ်။

အဲဒီနောက် တိရစ္ဆာန်အားလုံးက လက်ခံပြီး ပညာရှိဇီးကွက်ဆီသွားကြသတဲ့။ ပညာရှိဇီးကွက်ဆီ ရောက်တဲ့အခါ လာရတဲ့အကြောင်းရင်းကို စုံလင်အောင်ပြောပြလိုက်တော့ ပညာရှိဇီးကွက်က "အသင်တို့အုပ်စုမှာ လိမ္မာပါးနပ်စွာစကားပြောတတ်တဲ့သူ ရှိပါလား"လို့ မေးတဲ့အခါ ယုန်ကထပြီး "ရှိပါတယ် အသင်ပညာရှိဇီးကွက်။ ဆောင်ရွက်ရမဲ့ကိစ္စကိုသာ ပြောပါခင်ဗျာ"လို့ ဖြေသတဲ့။ အဲဒီအခါ ပညာရှိဇီးကွက်က ယုန်ကို အနားခေါ်ပြီး လိုအပ်တာတွေကို မှာကြားကာ အားလုံးကိုပြန်လွှတ်လိုက်သတဲ့ကွယ်။

နောက်တစ်နေ့ မိုးသောက်ချိန်ရောက်တဲ့အခါမှာ ဝက်ဝံကြီးက "ကဲ ဒီနေ့ ခြင်္သေ့မင်းဆီ ဘယ်သူသွားကြမလဲ"လို့မေးတဲ့အခါ ယုန်က ရဲဝံ့စွာနဲ့ပဲ "ကျုပ်သွားမယ်။ ဒါပေမဲ့ တေးဆိုတတ်တဲ့ ငှက်တစ်ကောင် ကျုပ်နောက်ကလိုက်ရမယ်"လို့ပြောသတဲ့။ တေးဆိုတတ်တဲ့ငှက်က "ဟုတ် ကျုပ်လိုက်ခဲ့မယ်။ ဘာလုပ်ရမလဲပြောပါ"လို့ပြောတဲ့အခါ ယုန်က အစီအစဉ်ကို တီးတိုးပြောပြလိုက်လေသတဲ့။

ပြီးနောက် ယုန်လဲ ခြင်္သေ့ကြီးရှေ့မှောက်ရောက်တဲ့အခါ တေးဆိုတတ်တဲ့ငှက်ကို အချက်ပြလိုက်တော့ ငှက်က "လိုဏ်ဂူထဲက ကျောက်စက်ရည်၊ သောက်မယ်ဆိုက သက်ရှည်ဆေး၊ ကိုယ်တွင်းရနံ့ သင်းပျံ့မွှေး၊ သောက်သုံးသင့်တယ်လေး"လို့ အထပ်ထပ်အခါခါ တေးသီနေတာကို ခြင်္သေ့ကြီးကြားတဲ့အခါ ယုန်ကို "ဟဲ့ ယုန်။ ဟိုအပင်ထက်က ငှက်က ဘာကြောင့်ဒီလိုအော်နေတာလဲ။ သွားပြီး စုံစမ်းချေစမ်း"လို့ပြောသတဲ့။ အဲဒီအခါ ယုန်က သွားရောက်စုံစမ်းပြီးပြန်လာကာ "အသင်ခြင်္သေ့မင်း ကျွန်တော်မျိုးတို့နဲ့ မနီးမဝေးတောအုပ်ကြီးတစ်ခုမှာ ကြီးမားတဲ့လိုဏ်ဂူကြီးတစ်ခုရှိပါတယ်။ အဲဒီလိုဏ်ဂူထဲက ကျောက်စက်ရည်ကို သောက်သုံးရပါက အသက်ရှည်ခြင်း၊ ခန္ဓာကိုယ်တွင်းက နံစော်တဲ့ အနံ့အသက်တွေပျောက်၍ မွှေးပျံ့နေစေခြင်း စတဲ့အကျိုးကျေးဇူးတွေခံစားရပါတယ်လို့ သိရပါတယ်"လို့ပြောသတဲ့။ ခြင်္သေ့ကြီးကလဲယုံကြည်ပြီး "အသင်ယုန် အဲဒီလိုဏ်ဂူထဲက ကျောက်စက်ရည်ကို ငါသောက်သုံးချင်တယ်။ အသင်ယူဆောင်လာပေးဖို့ စွမ်းဆောင်နိုင်သလော"လို့ မေးတဲ့အခါ ယုန်က "ယူဆောင်ပေးပါမယ်။ ကျွန်တော်မျိုးကို အချိန်တစ်ရက်ပေးပါ"လို့ ပြောဆိုကာ ထွက်သွားလေသတဲ့ကွယ်။

နောက်တစ်နေ့ မနက်ကိုရောက်တဲ့အခါ ယုန်က ကျောက်စက်ရည်အစား အဆိပ်ခတ်ထားတဲ့ရေခွက်ကို ပေးလိုက်လေသတဲ့။ ခြင်္သေ့ကြီးလဲ သောက်သုံးပြီးတာနဲ့ ခဏလေးအတွင်းမှာပဲ အသက်ဆုံးရှုံးရလေသတဲ့။ တိရစ္ဆာန်အပေါင်းကလဲ ပညာရှိဇီးကွက်ရဲ့အဆုံးအမကို နာခံပြီး တစ်သက်လုံးပျော်ရွှင်စွာ နေထိုင်သွားကြသတဲ့ကွယ်။ ကလေးတို့ရေ လောကမှာ ခွန်အားဘယ်လောက်ပဲကြီးကြီး ပညာဉာဏ်ကြီးမြတ်ခြင်းနဲ့ ထိပ်တိုက်ရင်ဆိုင်ရင် ခွန်အားကြီးတဲ့သူဟာ ပညာဉာဏ်ကြီးသူရဲ့ ပရိယာယ်အောက်မှာ ကျရှုံးရစမြဲပဲ။ ဒါကြောင့် ကလေးတို့လဲ ပညာဉာဏ်ရဲ့အရေးပါအရာရောက်ပုံကို သင်ခန်းစာယူကြရမယ်နော်။

**မင်းသူရိန်(သာကီနွယ်)**

## ရည်မှန်းချက်ကိုယ်စီ



◆ မောင်ထက်မြတ်က နားကြပ်ကိုင်
ဒေါက်တာကြီးစတိုင်၊
သန္တာခိုင်က သူနာပြု
လူနာတွေပြုစု။

◆ မောင်သုတလည်း ကျောင်းဆရာ
မြေဖြူကိုင်လို့သာ၊
အနုပညာ အဆို အက
မော်ဒယ် မယ်ထွေးလှ။

◆ စစ်သားကြီးပါ့ ရဲရင့်သူ
မျှားကျိုးကူမဲ့လူ၊
အတူတူကွယ် ရည်မှန်းချက်
ဆော့ကစားနေလျက်၊
ပျော်ရွှင်မှုထွေးဖက်။ ။

**ခေတ်သစ်(ကြွေပုဂံ)**

## ပိုးစုန်းကြူး

◆ ပိုးစုန်းကြူးလေး အရွယ်ငယ်
အမှောင်ထဲမှာ အလင်းကြွယ်၊
သေးသွယ်ပေမဲ့ သူ့စွမ်းအား
အလင်းပြဖို့ သူကြိုးစား။

◆ ပျံသန်းရာလမ်း အလင်းဆောင်
မြင်သူစိတ်ကို ကြည်နူးအောင်၊
အရောင်လင်းလက် သူ့တန်ခိုး
ညနတ်သမီး သဏ္ဍာန်မျိုး၊
ချစ်စရာည အလှတိုး။ ။


**ပြည့်စုံအောင်(မှော်ဘီ)**



0 w Hv H @

# မှန်ကန်သော ယှဉ်ပြိုင်ခြင်း

ကျော်မင်း(ပုဂံမြေ)




(၁)

"အမေ အမေ သား ဒီနေ့ ပထမဆုရလာတယ်အမေ"

ဆုအဖြစ်ရလာခဲ့သော စာအုပ်လှလှလေးကို ကိုင်မြှောက်လျက် အိမ်ဝိုင်းထဲသို့ ပြေးဝင်လာသော သားဖြစ်သူကိုကြည့်၍ ဒေါ်သန်းဆင့် ပြုံးမိ၏။

"ဖြည်းဖြည်းလာလဲ ရပါတယ်သားရယ်။ မတော်လို့ လဲကျနေပါအုံးမယ်"

"သား ပျော်လို့ပါ အမေရဲ့၊ သား ဒီနေ့ ပထမဆုရလာတယ်"

"အေးအေး အမေ့သားလေးက တော်လိုက်တာကွယ်။ သားက ပထမရလာတော့ ဒုတိယနဲ့ တတိယက ဘယ်သူတွေရကြသလဲကွဲ့"

"ဒုတိယက မြင့်အောင် ရတယ်။ တတိယက မြနှင်းမေ ရတယ်အမေ။ သားနဲ့ မြင့်အောင်က ရမှတ်တစ်မှတ်ပဲ ကွာတာအမေရဲ့။ သားက သူ့ထက်တစ်မှတ်အသာနဲ့ ပထမ ရလာတာ"

မောင်သိန်းဟန်သည် မိခင်ရှေ့၌ မိမိကိုယ်ကို ဂုဏ်ယူဝင့်ကြွားရင်း ပြောလေ၏။

"အေးအေး အမေ့သားက ပထမရခဲ့တယ်ဆိုတော့ အမေတို့ကလဲ ဆုတွေဘာတွေပေးရမှာပေါ့။ ငါ့သား ဘာလိုချင်လဲ ပြောလေ"

"တကယ်ပြောတာလား အမေ"

"တကယ်ပြောတာပေါ့ သားရဲ့"

"သား ဘာလိုချင်လဲ ပြောလေ"

"အဲဒါဆိုရင် သားကို စက်ဘီးလှလှလေးတစ်စီး ဝယ်ပေးပါအမေ၊ သားစက်ဘီးစီးချင်တယ်"

"အေးအေး သားလိုချင်ရင် ဝယ်ပေးမှာပေါ့။ သားအဖေ လယ်ထဲကပြန်လာရင် အမေပြောပေးမယ်နော်"

"ဟုတ်ကဲ့ အမေ"

မောင်သိန်းဟန်နှင့်မောင်မြင့်အောင်တို့သည် မူလတန်းမှစ၍ ယခု အဌမတန်းထိ တစ်နှစ် တစ်တန်း အောင်မြင်လာခဲ့ကြပြီး တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန်အပြိုင်အဆိုင် သဘောမျိုးဖြင့် နေလာခဲ့ကြသည်။

မောင်သိန်းဟန်က စာမေးပွဲတွင် ဆုရလျှင် မောင်မြင့်အောင်က အားကစားဘက်၌ ဆုရအောင် ကြိုးစား၏။ မောင်မြင့်အောင်က စာမေးပွဲတွင် အဆင့် (၁)ရလျှင် မောင်သိန်းဟန်က စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတို့၌ ပထမရအောင် ကြိုးစားလေ၏။ သို့သော် စီးပွားဥစ္စာအရာ၌ကား မောင်သိန်းဟန်၏ မိဘများသည် မောင်မြင့်အောင်၏မိဘများထက် အဆပေါင်းများစွာ ကွယ်ဝချမ်းသာလေ၏။ မောင်သိန်းဟန်၏ မိဘများဖြစ်ကြသော ဦးမြမောင်နှင့် ဒေါ်သန်းဆင့်တို့သည် လယ်ဧကပေါင်းမြောက်မြားစွာ ပိုင်ဆိုင်ပြီး ရွာ့မျက်နှာဖုံးဟု ဆိုရလောက်အောင် ကြွယ်ဝချမ်းသာကြ၏။ မောင်မြင့်အောင်၏ မိဘများဖြစ်သော ဦးသိန်းမြိုင်နှင့် ဒေါ်အေးကြွယ်တို့သည် ပစ္စည်းဥစ္စာအရာ၌ လွန်စွာနိမ့်ပါး၏။ ကိုယ်ပိုင် လယ်၊ ယာ၊ ထန်းတောဟူ၍ မရှိပေ။ ဦးသိန်းမြိုင်သည် ရွာသားတစ်ဦး၏ ထန်းတောကို မိမိဘက်မှလုပ်အားအပြည့်စိုက်၍ အကျိုးအမြတ်ကို ထန်းတောပိုင်ရှင်နှင့် တစ်ဝက်စီယူ၍ ထန်းတက်ခြင်းအလုပ်ကို လုပ်ကိုင်ရ၏။ ထန်းတက်၍ ရလာသောထန်းရည်တို့ကို ဇနီးဖြစ်သူ ဒေါ်အေးကြွယ်က ကျိုချက်ရ၏။ ရရှိလာသော ထန်းလျက်များကို ထန်းတောပိုင်ရှင်အတွက် တစ်နေ့၊ မိမိတို့အတွက်တစ်နေ့ တစ်လှည့်စီ ယူခြင်းဖြစ်၏။ ထိုသို့သောနည်းဖြင့် ၎င်းတို့မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းကြရသည်ဖြစ်၏။

(၂)

ကျောင်းပိတ်ရက်တစ်ရက်တွင် မောင်မြင့်အောင်သည် မိဘများ၏လုပ်ငန်းခွင်ရှိရာ ရွာအပြင်ထန်းတောဘက်ဆီသို့ ရောက်လာလေ၏။

"ဟဲ့ သား နေကပူပါဘိနဲ့ကွယ် ဘာဖြစ်လို့ လိုက်လာတာလဲ။ အိမ်မှာစာဖတ်နေလေ"

မိခင်ဖြစ်သူ ဒေါ်အေးကြွယ်သည် ထန်းရည်များကို ကျိုချက်ရန် ဒယ်အိုးတစ်ခုထဲသို့ လောင်းထည့်နေရင်းမှ သားဖြစ်သူကို လှမ်းပြောလေ၏။

"အိမ်မှာတစ်ယောက်တည်း ပျင်းလို့ပါ အမေရဲ့။ ဖတ်စာတွေကော၊ သင်္ချာပုစ္ဆာတွေကော အားလုံးလုပ်ခဲ့ပြီးပြီအမေ"

"အေးအေး ဒါဖြင့်ရင် ဟိုဘက်မှာ သွားထိုင်နေ ဒီနားမလာခဲ့နဲ့ မီးဖိုဘေးက ပူတယ်သားရဲ့"

နာရီဝက်ခန့်အကြာတွင် ဦးသိန်းမြိုင်သည် ထန်းရည်အိုး လေးငါးလုံးစီကို တစ်ဖက်စီထား၍ ထမ်းပိုးဖြင့်ထမ်းလာရင်း တဲထဲသို့ဝင်လာလေ၏။

"ဟော ငါ့သားလဲ ရောက်နေတာကိုး။ အဖေတို့တော့ ပင်ပန်းလိုက်တာကွာ။ ထန်းတက်ချိန်လဲ ပူ၊ ထန်းတက်ပြီးလို့ ထန်းရေကျိုချိန်ရောက်ပြန်တော့လဲ မီးဖိုအရှိန်နဲ့ပူဆိုတော့ လုပ်ကိုင်စားရတာလဲ မလွယ်ပါဘူးကွာ"

ဦးသိန်းမြိုင်သည် ချွေးများစို့ရွှဲနေသော မိမိခန္ဓာကိုယ်ကို အဝတ်ပိုင်းတစ်ခုဖြင့် သုတ်နေရင်း ညည်းတွားလေ၏။

"ဟုတ်ပ့ါတော် အမေတို့ သားလေး ကြီးလာလို့ ပညာတတ်ကြီးဖြစ်လာမှ အမေတို့လဲ သက်သက်သာသာနေရတော့မယ် ထင်ပါရဲ့။ ဟုတ်ဖူးလား သားလေး"

မိခင်ဖြစ်သူ ဒေါ်အေးကြွယ်သည် သားဖြစ်သူကို ကြည့်၍ ပြော၏။

"ဟုတ်တာပေါ့ အမေရဲ့၊ သားက ပညာတတ်ကြီး အရာရှိကြီးဖြစ်ရင် အဖေတို့၊ အမေတို့ကို တစ်လှည့်ပြန်လုပ်ကျွေးမှာပေါ့ဗျ"

> ❖ "လောကမှာ ပစ္စည်းဥစ္စာနဲ့ပညာ နှိုင်းယှဉ်လိုက်ရင် ပညာတတ်တဲ့သူက နောက်ဆုံးကျတော့ ထိပ်ဆုံးကိုရောက်သွားတာပဲ သားရဲ့။ ဒါကြောင့် ပစ္စည်းဥစ္စာကို မယှဉ်ပြိုင်နဲ့ ငါ့သား၊ ပညာအရာမှာသာ အားထည့်ပြီး ပြိုင်လိုက်စမ်းပါ သားလေးရယ်။ အမေပြောတာ သဘောပေါက်လား သား" "ဟုတ်ကဲ့ သားသဘောပေါက်ပါပြီ အမေ" မောင်သိန်းဟန်၏မျက်နှာသည် ယခင်ညှိုးငယ်နေရာမှ လန်းဆန်းတက်ကြွသောအသွင်သို့ ပြောင်းလဲလာ၏။ ❖

"အမယ်လေး လိမ္မာလိုက်တဲ့သားလေး။ ဒါနဲ့ ဒီလ စာမေးပွဲမှာ သားက ဒုတိယပဲရခဲ့တယ်ဆို နောက်လကျရင် ပထမရအောင်ကြိုးစားနော် သား"

"ဟုတ်ကဲ့ အမေ သားကြိုးစားပါ့မယ်"

(၃)

မောင်သိန်းဟန်သည် မိဘများမှဆုအဖြစ် ဝယ်ပေးထားသည့် စက်ဘီးလေးရလာသော နေ့မှစ၍ ကျောင်းသွား၊ ကျောင်းပြန် စက်ဘီးဖြင့်သာ သွားလာလေ၏။ ကျောင်းနေဖက်သူငယ်ချင်းများနှင့် တွေ့ဆုံသော အခါများတွင်လည်း သူ၏စက်ဘီးလေးက မည်မျှကောင်းကြောင်း၊ တန်ဖိုးမည်မျှကြီးကြောင်း စသည်ဖြင့် ကလေးတို့သဘာဝအတိုင်း ခြေဟန်လက်ဟန်ဖြင့် ပြောဆို၍ အမြဲလိုလိုကြွားဝါနေတတ်၏။ မောင်မြင့်အောင်သည် မောင်သိန်းဟန် စက်ဘီးစီးနေသည့် မြင်ကွင်းကိုမြင်ရသည့်အခါတိုင်း အားကျသောမျက်လုံးများဖြင့် ကြည့်နေမိတတ်၏။ အတွင်းစိတ်၌လည်း-

နောက်တစ်ကြိမ်စာမေးပွဲတွင် ပထမရအောင်ကြိုးစားပြီး မိမိ၏မိဘများကို မောင်သိန်းဟန်ကဲ့သို့ စက်ဘီးလေးဝယ်ခိုင်းရမည်ဟု ကြံစည်စိတ်ကူး၍ နေလေ၏။ မောင်မြင့်အောင်သည် နောက်တစ်ကြိမ် စာမေးပွဲတွင် ပထမရရေးအတွက် စာကိုအပြင်းအထန် ကြိုးစား၏။ အိပ်ချိန်နှင့်စားချိန်မှလွဲ၍ ကျန်သော အချိန်များကို စာဖတ်စာအံခြင်းဖြင့်သာ ကုန်ဆုံးစေတော့၏။ လတစ်လ၏ နောက်ဆုံးပတ်တွင် ကျောင်းအုပ်ဆရာကြီးသည် လပတ်စာမေးပွဲကို ပုံမှန်အတိုင်း ကျင်းပပေး၏။

အဖြေလွှာများကို စစ်ဆေးပြီး၍ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို ရွေးချယ်ပေးသောအခါ မောင်မြင့်အောင်သည် မောင်သိန်းဟန်ထက် ရမှတ်အသာစီးရကာ ပထမဆုရလေသည်။ မောင်သိန်းဟန်သည် ဒုတိယဆုအဖြစ်လည်းကောင်း၊ အခြားကျောင်းသူတစ်ယောက်သည် တတိယဆုအဖြစ်လည်းကောင်း အသီးသီးဆွတ်ခူးရရှိကြလေသည်။

(၄)

မောင်မြင့်အောင်သည် ညနေကျောင်းဆင်းသည်နှင့်တစ်ပြိုင်နက် အိမ်သို့ အပြေးပြန်လာပြီးလျှင် လွယ်အိတ်၊ ထမင်းချိုင့်တို့ကိုထားခဲ့ပြီး မိဘများရှိရာ ရွာအပြင်ထန်းတောဘက်သို့ အပြေးအလွှားရောက်လာလေ၏။

"အမေ သား ဒီနေ့စာမေးပွဲမှာ ပထမရလာတယ် အမေ"

"ဟုတ်လား အမေ့သားလေးက တော်လိုက်တာကွယ်"

ဒေါ်အေးကြွယ်သည် သားဖြစ်သူ၏မျက်နှာပေါ်ရှိ ချွေးစက်များကို သုတ်ပေးနေရင်း ချီးမွမ်းစကားဆို၏။

"အမေ"

"ဘာလဲ သားလေး ပြောလေ"

"ဟိုလေ ပြီးခဲ့တဲ့လက သိန်းဟန် ပထမဆုရတော့ သူတို့အမေက စက်ဘီးအသစ်လေး ဝယ်ပေးတယ်တဲ့။ သားကိုလဲ စက်ဘီးဝယ်ပေးပါလားအမေ"

သားဖြစ်သူ၏နှုတ်မှ ထွက်ပေါ်လာသော စကားတို့ကြောင့် ဒေါ်အေးကြွယ်သည် ပြန်ပြောစရာစကားရှာမရဘဲ ခေတ္တဆွံ့အသွားမိ၏။ မောင်မြင့်အောင်သည် မိခင်ဖြစ်သူထံမှ တုံ့ပြန်စကားမကြားရသောကြောင့် မိခင်လက်ကိုလှုပ်ယမ်း၍ ထပ်မံမေးလေ၏။

"အမေ သား ပြောတာကြားလား"

"အေးအေး ကြားပါတယ်သားရဲ့။ သားကို အမေပြောပြမယ် သေချာနားထောင်နော် သားလေး"

"ဟုတ်ကဲ့ အမေ"

"မောင်သိန်းဟန်ရဲ့ မိဘတွေနဲ့ အမေတို့နဲ့က အခြေအနေချင်း မတူကြဘူးလေသားရဲ့။ သူတို့က ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာခဲ့ကြတဲ့ လယ်ပိုင်ရှင်သူဌေးတွေလေ။ အဲဒီတော့ မောင်သိန်းဟန် ဘာပဲလိုချင်လိုချင် သူတို့က ဝယ်ပေးနိုင်တာပေါ့။ အမေတို့က သူတို့လို ပစ္စည်းဥစ္စာမပေါ်များဘူးလေ သားလေးရဲ့။ အဲဒီတော့ သားလေးကလဲ မောင်သိန်းဟန်နဲ့ အရာရာယှဉ်ပြီး မနေရဘူးလေကွယ်"

စာမျက်နှာ ၂၅ သို့ ➤

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၅၅ ဧကစိုက်ပျိုးပြီးစီး


ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၃၀၅ ဧက စိုက်ပျိုးဖို့ လျာထားခဲ့ရာ ဒီနေ့ထိ ၁၃၅၅ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးသန်ခေါင်းကျေးရွာအုပ်စု ငွေးကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၃ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

➤ စာမျက်နှာ ၂၄ မှအဆက်

ဒေါ်အေးကြွယ်သည် စကားစကိုဖြတ်၍ သားဖြစ်သူကို အကဲခတ်ကြည့်ရာ မျက်နှာအနည်းငယ် ညှိုးငယ်သွားသည်ကို သတိပြုမိလိုက်၏။ ဒေါ်အေးကြွယ်သည် ပြောလက်စ စကားကို ပြန်ဆက်လိုက်သည်။

"နောက်တစ်ခုက လောကမှာ ပစ္စည်းဉစ္စာနဲ့ပညာ နှိုင်းယှဉ်လိုက်ရင် ပညာတတ်တဲ့သူက နောက်ဆုံးကျတော့ ထိပ်ဆုံးကိုရောက်သွားတာပဲ သားရဲ့။ ဒါကြောင့် ပစ္စည်းဉစ္စာကို မယှဉ်ပြိုင်နဲ့ငါ့သား၊ ပညာအရာမှာသာ အားထည့်ပြီး ပြိုင်လိုက်စမ်းပါ သားလေးရယ်။ အမေပြောတာ သဘောပေါက်လား သား"

"ဟုတ်ကဲ့ သား သဘောပေါက်ပါပြီအမေ"

မောင်သိန်းဟန်၏မျက်နှာသည် ယခင်ညှိုးငယ်နေရာမှ လန်းဆန်းတက်ကြွသောအသွင်သို့ ပြောင်းလဲလာ၏။

"အေးအေး နောက်ပြီး နောက်နှစ်ဆိုရင် သားက ကိုးတန်းတက်ရတော့မယ်။ ရွာမှာက ရှစ်တန်းထိပဲ တက်လို့ရတာဆိုတော့ သား ကိုးတန်းတက်ရင် မြို့ကကျောင်းကိုတက်ရတော့မယ်။ မြို့ဆိုတာ အစစအရာရာ ငွေကုန်ပေါက်အရမ်းများတာသားရဲ့။ အဲဒီတော့ ငါ့သား ကျောင်းတက်ဖို့ အခုကတည်းက ငွေစုထားရမယ်လေ။ သားလေးကော ကျောင်းမတက်ချင်ဘူးလား"

"ဟုတ်ကဲ့ တက်ချင်ပါတယ်အမေ"

"အေးအေး အဲဒါဆိုရင် နောက်နှစ် သား ကျောင်းတက်ဖို့အတွက် ငွေစုရမှာမို့ မလိုအပ်တာတွေမတောင်းရဘူးနော်။ ကျောင်းနဲ့အိမ်နဲ့က နီးနီးလေးပဲသားရယ် လမ်းလျှောက်သွားလဲ ရတာပဲကိုး။ စက်ဘီးမလိုပါဘူး သားရဲ့ ဟုတ်ဖူးလား"

"ဟုတ်ကဲ့ အမေ သားမလိုချင်တော့ပါဘူး"

"အေးအေး ဒါဆိုလဲ အိမ်ကိုပြန်နှင့်နော်။ အဖေနဲ့အမေ အလုပ်ပြီးမှ လာခဲ့မယ်နော်"

"ဟုတ်ကဲ့ အမေ ဒါဆို သား အိမ်ပြန်တော့မယ်"

မောင်မြင့်အောင်ပြန်သွားပြီး မိနစ်အနည်းငယ်ကြာသောအခါ ဖခင်ဖြစ်သူဦးသိန်းမြိုင်သည် ထန်းတက်ရာမှ ပြန်ရောက်လာလေ၏။ ဒေါ်အေးကြွယ်သည် သားဖြစ်သူ၏အကြောင်းကို ခင်ပွန်းဖြစ်သူအား အကြောင်းစုံ ပြန်ပြောပြလေသည်။

"အေးကွာ. . . သားသမီးကပူဆာတော့လဲ ဖြည့်ဆည်းမပေးနိုင်တာကိုတော့ ငါဖြင့် စိတ်ကိုမကောင်းဘူး။ တို့များဘဝတွေကလဲကွာ ဘယ်တော့များမှ လူတန်းစေ့နေနိုင်မယ်မသိပါဘူး။ လုပ်လိုက်ရတဲ့ အလုပ်ကျတော့လဲ မိုးလင်းကနေ မိုးချုပ်ထိ ဟူး. . ."

ဦးသိန်းမြိုင်သည် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးနောက် တဲအပြင်သို့ထွက်သွားလေသည်။ နားကြား၌ထိုးထားသော ဆေးလိပ်တိုကို မီးညှိလိုက်ပြီး စိတ်လိုလက်ရ ဖွာရှိုက်လိုက်သည်။ မီးခိုးငွေ့များနှင့်အတူ အမောပြေသလို ခံစားလိုက်မိသည်။ ရှေ့ဆက်၍လည်း လောကစံကို အကောင်းဆုံးယှဉ်ပြိုင်ရန် မာန်တင်း၍ ကောင်းကင်တစ်ခွင်ကို ငေးကြည့်နေမိပါတော့သည်။

## လှပပါစေ ကမ္ဘာမြေ

- နံနက်ချိန်ခါ နေခြည်ထွေးပါလို့
  လေနုအေး ဖျန်းပက်ကာ၊
  ကျက်သရေ မင်္ဂလာဖြိုး
  ကောင်းကျိုးဝေဖြာ၊
  ကောင်းသတင်း ကောင်းခြင်းလာ
  မကောင်းခြင်းဟာ ကင်းစင်ဝေး၊
  ကမ္ဘာမြေ အလှတရားရယ်က
  ဝင့်ကြွားလို့လေး။

- ပို့မေတ္တာ ရွှေရင်အေးသမို့
  ဒုက္ခဘေး ကင်းဝေးသလေ၊
  အတ္တဖယ် လူ့ချစ်ခြင်းဖြင့်
  ပြစ်ကင်းပါစေ၊
  အမုန်းမဖက် အပြုံးဝေ
  ရွှင်မဆုံးပေ နေ့ရက်များ၊
  တူယှဉ်စွာ မေတ္တာဓာတ်ဖြင့်
  မွန်မြတ်စေသား။

- ကိုယ်ချင်းစာ လူ့စိတ်ထား
  ပြုအရိပ်သွား စိတ်မဏ္ဍိုင်၊
  အကျည်းတန် ရုပ်အဆိုး
  မတိုးပွားနိုင်၊
  ချစ်ခြင်းဖြင့် မေတ္တာခိုင်
  စိတ်မယိုင် မကောင်းသောဘက်၊
  မေတ္တာကို အစဉ်လွှမ်းက
  အေးချမ်းတစ်သက်။

- ကျင့်ဝတ်တွေ စောင့်ထိန်းမပျက်
  ရှေ့ဆက်ကြ လောကအလယ်၊
  ကောင်းမှုရည် စိတ်မယုတ်
  အဟုတ်စင်ကြယ်၊
  ဝန်းကျင်အလှ ပြုပြင်မယ်
  နှလုံးသားဝယ် အေးမြမြ၊
  သာယာစေ
  ကမ္ဘာမြေ ပူပင်ကင်းအောင်ပ
  ကောင်းခြင်းဝေမျှ။

**ချာန်လေး(ပညာရေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း၊ လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၃၉၈၅ ဧက စိုက်ပျိုးပြီးစီး



**ကသာ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၃၉၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်း ၃၆၇၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၃၉၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ပူးစားပြောင်း ဧက ၃၆၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၃၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၉၈၅ ဧက၊ ပူးစားပြောင်း ဧက ၃၀၀၀ စုစုပေါင်း ၃၉၈၅ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၉၄၂ ဧက၊ ပူးစားပြောင်း ၇၃၄ ဧက စုစုပါင်း ၃၆၇၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၈၉ ဧက၊ ပူးစားပြောင်း ၃၁၄၆ ဧက စုစုပေါင်း ၃၃၃၅ ဧကတို့ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# တောင်သာမြို့နယ် ရေခါးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်သာ နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ( VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေခါးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့်စီမံကိန်းတာဝန်ခံတို့သည် ရေခါးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်သာမြို့နယ် ရေခါးကျေးရွာတွင် လမ်းအရှည် ၇၆၅ ပေ၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၇ သန်းအသုံးပြု၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် စက်တင်ဘာလ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးနေပြီဖြစ်၍ ကျေးရွာအတွက် ရပ်ရေးရွာရေးကိစ္စရပ်များအပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**သက်မာ**

ပလင်္ဂါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**ဖျာပုံ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်း ၂၄ ပြည်ဝင်ဆန်ကွဲအိတ်ရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၅၂၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ၂၄ ပြည်ဝင်ဆန်ကွဲအိတ်ရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းလျက်ရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဘက်ကိုအဓိက တင်ပို့ရောင်းချပါတယ်။ ဆန်ကွဲအိတ်တွေကို အောက်တိုဘာလ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်ယူမှုက သိသိသာသာကိုလိုက်လာတာပါ။ ပြီးခဲ့တဲ့အောက်တိုဘာလအတွင်း ဆန်ကွဲဝယ်ယူမှုကောင်းခဲ့ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ဖျာပုံမြို့နယ်ကနေ ဆန်ကွဲတွေကို ကုန်းလမ်းကြောင်းကနေ ကုန်တင်ကားတွေနဲ့ အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ရန်ကင်းကျေးရွာ၌ စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ညောင်ရွှေ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် ရန်ကင်းကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဒေါ်မူစီ(ဒုတိယဦးစီးမှူး)က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု စနစ်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြောကြားပြီး ကျေးရွာဖွံ့ဖြိုး ရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၇၇၀ စိုက်ပျိုးပြီးစီး

**ချောင်းဦး နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၇၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်း ၂၆၈၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၂၇၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၆၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာတိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ချောင်းဦးမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ဧက ၈၇၅၀၊ မိုးပဲတီစိမ်း ဧက ၁၄၀၂၀ စုစုပေါင်း ဧက ၂၂၇၇၀ တို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၁၂၉၁၄ ဧကနှင့်မိုးပဲတီစိမ်း ဧက ၁၃၉၈၀ စုစုပေါင်း ၂၆၈၉၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းပဲတီစိမ်းသီးနှံ ၂၃၄၉ ဧက စိုက်ပျိုးရန် လျာထားကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကံလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ကံလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကံလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

တောင်တွင်းကြီးမြို့နယ် ကံလှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅သိန်းနှင့် ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁ သိန်း စုစုပေါင်းငွေကျပ် ၁၆ သိန်းဖြင့် လမ်း အရှည် ၆၃၇ ပေ၊ အကျယ် ၁၂ ပေ ၊အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာနေပြည်သူ လူထုကိုယ်တိုင် စက်တင်ဘာလဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နွဲ့ယဉ်**



# မိတ္ထီလာမြို့နယ် သဖန်းပင်ရိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ သဖန်းပင်ရိုးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မိတ္ထီလာမြို့နယ် သဖန်းပင်ရိုးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ်သိန်း ၁၄၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၇ သိန်း အသုံးပြု၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ဦး**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၃၉၅၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၃၉၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၃၇၇၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးနှမ်း ၄၃၉၅၃ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင်မှာ မိုးနှမ်း ၄၃၇၇၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ မိုးနှမ်း ၄၃၉၅၃ ဧက စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးနိုင်မှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၄၈၁၁ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၉၀၅၀၊ မြောင်မြို့နယ်တွင် ၉၂ ဧက စုစုပေါင်း ၄၃၉၅၃ ဧကဖြစ်ပြီး မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၄၆၃၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၉၀၅၀၊ မြောင်မြို့နယ်တွင် ၉၁ ဧက စုစုပေါင်း ၄၃၇၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးနှမ်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် နောင်တောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လင်းခေး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်တောင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နောင်တောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

နောင်တောင်ကျေးရွာ၌ လမ်းအရှည်ပေ ၂၉၇၀၊ အကျယ် ၁၅ ပေ မြေသားအမြင့် တစ်ပေတစ်လွှာခင်းခြင်း၊ အဆိုပါလမ်းတွင် ထပ်မံ၍ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ သဲဖြန့်းခင်းခြင်းလုပ်ငန်း၊ အဆိုပါလမ်းပေါ်၌ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ ကျပ် ၂၅ ဒသမ ၈၂၁၃ သန်းဖြင့် Diamond Roc ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် နောင်တောင်ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလျက်ရှိကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**အေးသူ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**






# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၁၇၃။ | ဦးဟန်ဝင်းနှင့်ဇနီး ဒေါ်သင်းသင်းလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၁၇၄။ | ဦးလှိုင်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်သန်း မိသားစုကောင်းမှု | ၈၀၀၀၀၀ |
| ၇၁၇၅။ | ဦးမောင်မောင်နိုင်နှင့်ဇနီး ဒေါ်သန္တာအေး မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၇၁၇၆။ | ဦးအေးမင်းစိုးနှင့်ဇနီး ဒေါ်ခင်အေးဖြူ (သမီး)မသွန်းဝတီစံ၊ (သား)မောင်အောင်ဖြိုး မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၁၇၇။ | ဦးအောင်ဇော်မိုးနှင့်ဇနီး ဒေါ်အေးအေးခိုင်၊ (သား)ရဲထက်အောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၁၇၈။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့်ဇနီး၊ သားတို့အား ရည်စူး၍ ဦးစိန်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၁၇၉။ | (ဦးမောင်ညို)နှင့်ဇနီး ဒေါ်သန်းသန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၁၈၀။ | ဒေါ်ငွေငွေဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၁၈၁။ | ဦးတင်သိန်းနှင့်ဇနီး ဒေါ်ငွေမြင့်မိသားစုကောင်းမှု | ၂၅၀၀၀၀ |
| ၇၁၈၂။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးတင်လှ နှင့်ဇနီး ဒေါ်ဆန်းဆန်းဝေမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၁၈၃။ | ဦးအောင်ကျော်နှင့်ဇနီး ဒေါ်သန်းသန်းဆွေအား ရည်စူး၍ ကျန်ရစ်သူသား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၇၁၈၄။ | ကွယ်လွန်သူ ဦးကောင်းဗိုလ်၊ ဗိုလ်အောင်မျိုးထွန်းတို့ အား ရည်စူး၍ ဒေါ်ကြင်ကြင်အေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၁၈၅။ | ကိုဖြိုးသူဝင်းနှင့်ဇနီး မသန္တာအောင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၁၈၆။ | ဦးရဲဝင်းထွန်းနှင့်ဇနီး ဒေါ်နွေးအိဖြူ (သမီး) မခွန်းဆုအိမ့်စံမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၁၈၇။ | ကွယ်လွန်သူ ဖခင်ကြီးဦးညွန့်လှနှင့် မိခင်ကြီး ဒေါ်သန်းသန်းအေး၊ (မောင်) မောင်ကျော်ကျော်နိုင် တို့အားရည်စူး၍ ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မိုးမိုးခိုင်၊ (သမီး) မခင်ခင်အေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၁၈၈။ | ဦးငွေသောင်းအားရည်စူး၍ ဒေါ်ကြည် မိသားစုကောင်းမှု | ၁၆၀၀၀၀ |
| ၇၁၈၉။ | ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးလှရွှေ(ငြိမ်း)အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၁၉၀။ | ဦးသိန်းရွှေနှင့်ဇနီး ဒေါ်နွယ်နီစိုးမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၁၉၁။ | ကွယ်လွန်သူ ဦးစောအောင်အားရည်စူး၍ကျန်ရစ်သူ ဒေါ်နုကြည်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၁၉၂။ | ဦးမင်းဇော်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ (သမီး)မသိမ့်သိမ့်သူ၊ (သား)မောင်ခန့်ညားသူမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၁၉၃။ | ဦးထွေးညွန့်နှင့်ဇနီး ဒေါ်အုန်းမြင့်အားအမှူးထား၍ ဒေါ်ကြည်ကြည်ဆွေ၊ (သား) မောင်သီဟထွေး မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၁၉၄။ | ဦးထိန်လင်းနှင့်ဇနီး ဒေါ်မေမြင့်ရီ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၃၀၀၀၀ |
| ၇၁၉၅။ | ဖခင်ကြီး ဦးလှထွေးအားရည်စူး၍ ဒေါ်အေးကြည်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၇၁၉၆။ | ဒေါ်ဖြူဖြူဝင်း၊ (သား)မောင်ဟိန်းထက်စိုး၊ (သမီး)မအိမ့်ကြည်ဖြူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၁၉၇။ | ဦးချစ်ငွေနှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၁၉၈။ | နှစ်ဖက်သောဘိုးဘွားများနှင့် မိဘများအားရည်စူး၍ ဦးတင်အောင်လင်းနှင့်ဇနီး ဒေါ်စုနန္ဒာလင်း၊ (သား)ကိုကျော်ကျော်ထွန်း၊ (သမီးကြီး)မဖြူဖြူကို၊ (သမီးငယ်)မမြတ်နိုးလမင်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၁၉၉။ | ဦးဝင်းတင်အားရည်စူး၍ ဒေါ်တင်မေ မိသားစုကောင်းမှု | ၁၀၁၁၀၀ |
| ၇၂၀၀။ | ဒေါက်တာမင်းကြိုင်ဆန်းနှင့်ဇနီး ဒေါ်ရီရီစိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၀၁။ | အဘွား ဒေါ်ရီ၊ အမေ ဒေါ်ထွေးကြည်၊ အဖေ ဦးဘိုသန့်နှင့် အမေ ဒေါ်ပန်းတို့အားရည်စူး၍ ဦးဇော်ဦးနှင့်ဇနီး ဒေါ်နီနီထွေးမိသားစုကောင်းမှု | ၁၀၁၀၀၀ |
| ၇၂၀၂။ | ကွယ်လွန်သူ ဖခင် ဦးဘိုကြည်နှင့် မိခင်ဒေါ်မြင့်မြင့်၊ မောင်လေးထွန်းဝင်းလှိုင်အားရည်စူး၍ ဒေါက်တာတင်တင်မာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၀၃။ | ဦးတင်မောင်ထွေးနှင့်ဇနီး ဒေါ်ခိုင်ဇာဝင်း၊ မဆုလာဘ်ပြည့်မောင်၊ မောင်ဘုန်းမြတ်ပြည့်သျှံ၊ မောင်ထွဋ်မြတ်ပြည့်သျှံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၀၄။ | ဦးလင်းခိုင်နှင့်ဇနီး ဒေါ်လင်းစိန်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၇၂၀၅။ | ဦးကံမြိုင်၊ ဦးလှိုင်ငြိမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၀၆။ | ဒေါ်ထွေးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၀၇။ | ဦးမောင်မောင်ထွန်းနှင့်ဇနီး ဒေါ်အေးအေးခိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၀၈။ | ဦးအောင်ကျော်မြင့်နှင့်ဇနီး ဒေါ်မြကြွယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၀၉။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်ခင်တိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၀။ | ကွယ်လွန်သူ ဦးတင်ဝင်းအောင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်ခင်သိန်းရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၁။ | ဒေါ်တင်လှ၊ (သမီး)မခင်စန်းဝင်း၊ မခင်မာဆွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၂။ | ဒေါ်ခင်မာကြည်၊ (သား)ဦးတင်လွင်နှင့်ဇနီး ဒေါ်ဖြူသွယ်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၃။ | ဦးမောင်ငြိမ်းနှင့်ဇနီး ဒေါ်စန်းစန်းတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၄။ | ဦးဇော်မင်းနှင့်ဇနီး ဒေါ်စိန်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၅။ | ဦးကျော်လှနှင့်ဇနီး ဒေါ်ဆန်းနီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၆။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ညွန့်ဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၇။ | ဦးတင်ဝင်းထွန်းနှင့်ဇနီး ဒေါ်ရွှေစင်အိမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၈။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမျိုးချစ်နှင့်ဇနီး ဒေါ်တင်အုန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၁၉။ | ဦးဟုတ်စိန်နှင့်ဇနီး ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၂၀။ | မိဘများရည်စူး၍ ဒေါ်လှလှ၊ ဒေါ်မြမြ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၂၁။ | ဒေါ်သင်းသင်းနိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၅၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများ နှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန







## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်ဝင်း**

**အသက် (၈၆)နှစ်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

မန္တလေးမြို့နေ (ဦးဇော်မျိုးနိုင်)+ဒေါ်ခင်မမ၊ ဦးမောင်မောင်စိုး+ဒေါ်ကေသီလတ်၊ ဒေါ်ခင်မေသီ၊ ဦးကျော်ဆန်းမင်း+ဒေါ်ခင်မေသင်း၊ ဦးမျိုးမင်းသန့်+(ဒေါ်ခင်ဥမ္မာဝင်း) တို့၏ဖခင်၊ ဒေါ်ခင်ဦး ၏ခင်ပွန်း

**ဦးစိန်ဝင်း အသက် (၈၆)နှစ်**

သည် ၂-၁၁-၂၀၂၃(ကြာသပတေးနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းမိသားစုများ**

## ဦးစိန်ဝင်း အသက် (၈၆)နှစ်

**(ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)**

တောင်သာမြို့၊ အမှတ်(၅) ရေကျော်ရပ်ကွက်နေ (ဦးဘမြိုင်+ဒေါ်လှတင်)တို့၏ သားကြီး၊ မန္တလေးမြို့၊ လမ်း ၈၀၊ ၄၂ လမ်း ဂုံးကျော်တောင်ဘက်၊ အကွက်အမှတ်(၈၃၈)နေ ဒေါ်ခင်ဦး ၏ခင်ပွန်း၊ (ဦးဇော်မျိုးနိုင်)+ဒေါ်ခင်မမ၊ ဦးမောင်မောင်စိုး+ဒေါ်ကေသီလတ်၊ ဒေါ်ခင်မေသီ၊ ဦးကျော်ဆန်းမင်း+ဒေါ်ခင်မေသင်း၊ ဦးမျိုးမင်းသန့်+(ဒေါ်ခင်ဥမ္မာဝင်း) တို့၏ဖခင်၊ မြေး(၇)ယောက်၏အဘိုး

**ဦးစိန်ဝင်း အသက် (၈၆)နှစ်**

**(ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)**

သည် ၁၃၈၅-ခု၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက်၊ ၂-၁၁-၂၀၂၃(ကြာသပတေးနေ့)၊ ည (၉း၀၀)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၁၃၈၅-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၇)ရက်၊ ၅-၁၁-၂၀၂၃ (တနင်္ဂနွေနေ့)၊ နံနက် (၁၁း၀၀) နာရီအချိန်တွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

အမရပူရမြို့နယ်၊ ယဉ်တော်စံကျေးရွာနေ ဦးဘခိုင်-ဒေါ်ခင်တူး တို့၏သမီး မခင်ခင်လေး(၉/မတရ(နိုင်)၂၀၄၅၄၇)နှင့် မဂျူးကေသွယ် သည် တစ်ဦးတည်းဖြစ်ပါကြောင်း၊ ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၁၂-၇-၁၉၉၈ ဖြစ်ပါကြောင်း။ **မခင်ခင်လေး(ခ)မဂျူးကေသွယ်၊၁၂-၇-၁၉၉၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်-၁၀၊ နယ်မြေ(၄)၊ မြို့အဝင်၊ လမ်းသွယ်(၁)နေ ဦးသော်သော်-ဒေါ်အိအိဖြိုး တို့၏သား **မောင်အောင်သက်ဖြိုး (၁၃/လရန(နိုင်)၂၃၈၇၃၉)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးသော်သော်(၉/မဟမ(နိုင်)၀၀၂၉၅၅)**
**ဒေါ်အိအိဖြိုး(၁၃/လရန(နိုင်)၁၆၆၇၈၂)**

## အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ. မ. က(၅)၊ Grade-5 တွင်ပညာသင်ကြားနေသော (ဘ)ဦးသိန်းဇော်ဝင်း (၈/ရနခ(နိုင်)၀၉၇၆၅၆)၏သမီး မယွန်းဝတီ ၏အမည်မှန်မှာ ဖွားစာရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ မနှင်းဆုရတီဝင်း ဖြစ်ပါကြောင်း။ **မနှင်းဆုရတီဝင်း**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**ရန်သူ**
**မီးဘေး**
**တားဆီးရေး**
**မနေး**
**ဆောင်ရွက်ကြ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလို...

❖ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်...

❖ ထို့ကြောင့် တစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထားအားပေးဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင် ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

## မြန်မာ-ရုရှားနှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၄**

ရုရှားတပ်မတော်နှင့် မြန်မာ့တပ်မတော်အကြား ချစ်ကြည်ရင်းနှီးမှုများပိုမိုခိုင်မြဲစေရန်ရည်ရွယ်၍ မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ဖျော်ဖြေပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV

စာမျက်နှာ ၁၆ ကော်လံ ၅ ☆



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563